ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (2-11-2014) (၀၀၁၂)

### ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အမေရိကန်သမ္မတ မစ္စတာ ဘားရက်အိုဘားမား စကားပြောကြေးနန်းဖြင့်ဆက်သွယ်ခဲ့ ဒီမိုကရေစီရေးနှင့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများအပေါ် ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း ပြောကြား

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အမေရိကန်ပြည်ထောင်စု သမ္မတ မစ္စတာ ဘားရက်အိုဘားမားမှ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၀ ရက် ညပိုင်းတွင် စကားပြောကြေးနန်းဖြင့် ဆက်သွယ်ခဲ့သည်။

ယင်းသို့စကားပြောကြေးနန်းဖြင့် ဆက်သွယ်စဉ် သမ္မတနှစ်ဦးတို့သည် သမ္မတ အိုဘားမား မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံသို့ လာရောက်မည့်ခရီးစဉ်ကိစ္စ၊ လက်ရှိမြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုကိစ္စ၊ မြန်မာအစိုးရမှ ဖော်ဆောင်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကိစ္စ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိစ္စ၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စနှင့် မြန်မာနိုင်ငံ၌ကျင်းပမည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။

သမ္မတ အိုဘားမားက မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးနှင့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများအပေါ် အမေရိကန်နိုင်ငံမှ ဆက်လက်၍ ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားချက်အပေါ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကြိုဆိုကြောင်းနှင့် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

## လပွတ္တာရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့အသံရေဒီယိုအစီအစဉ်များ စတင်စမ်းသပ်ထုတ်လွှင့်

**နေပြည်တော် နိုဝင်ဘာ ၁**

မြန်မာ့အသံ ရေဒီယိုအစီအစဉ် ကြည်လင်ပြတ်သားစွာ ဖမ်းယူနိုင်ရေး အစီအစဉ်အရ လပွတ္တာစက်ရုံတွင် FM လွှင့်စက်နှင့် Antenna တပ်ဆင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၄ ရက်က တပ်ဆင်ပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှလွှင့်အား 2 KW၊ လှိုင်းနှုန်း(89.2 MHz)ဖြင့် အောက်တိုဘာ ၂၄ ရက်မှစ၍ စတင်ထုတ်လွှင့်လျက်ရှိရာ စက်ရုံအရှေ့ဘက်တွင် ကန်ဘက်၊ လှိုင်းဘုန်းအထိ လည်းကောင်း၊ အနောက်ဘက်တွင် သုံးခွ၊ ဘုရားလှအထိ လည်းကောင်း၊ တောင်ဘက်တွင် လွှစာ၊ စလူစိပ်၊ ပြင်စလူအထိလည်းကောင်း၊ မြောက်ဘက်တွင် ငပုတောမြို့နယ်အထိ လည်းကောင်း မြန်မာ့အသံရေဒီယို အစီအစဉ်များကို ကြည်လင်ပြတ်သားစွာဖြင့် ဖမ်းယူနားဆင်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# ခရီးသွားဧည့်သည်များ မပြတ်စည်ကားနေသည့် အင်းလေးဒေသ

**ခရီးသွားမှတ်စု ›› ဇေယျာ(မိုင်ရာ)**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ သတင်းသွားရောက်ရေးသားပြီးအပြန် အချိန်အနည်းငယ်ရသဖြင့် ညောင်ရွှေမြို့သို့ ဆိုင်ကယ်ဖြင့်ခရီးနှင်ခဲ့သည်။

ညောင်ရွှေမြို့သည် မြန်မာနိုင်ငံ၏ ခရီးသွားဧည့်သည်များ အများဆုံးလာရောက်သည့် ဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထင်ရှားကျော်ကြားသည့် အင်းလေးကန်၊ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ၏ ဓလေ့ထုံးစံ၊ တန်ခိုးကြီး ဖောင်တော်ဦးဘုရားနှင့် စေတီများ၊ သာယာလှပ၍ စိတ်ဝင်စားဖွယ်ကောင်းသည့် ပထဝီအနေအထားများကြောင့် မြန်မာနိုင်ငံသားများသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခြားသားများဖြင့် အမြဲစည်ကားလျက်ရှိသည်။

ညောင်ရွှေမြို့သို့ ဧည့်သည်အများဆုံး လာရောက်ချိန်မှာ သီတင်းကျွတ် ဖောင်တော်ဦးဘုရားပွဲ ဒေသစာရီကြွချိန်ကာလ၊ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကာလနှင့် နှစ်သစ်ကူး သင်္ကြန်ကာလများပင် ဖြစ်သည်။ နိုင်ငံခြားသား ခရီးသွားဧည့်သည်များမှာတော့ တစ်နှစ်တာ ကာလပတ်လုံး လာရောက်လေ့လာမှုများရှိကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ညောင်ရွှေမြို့သို့ ရောက်ရှိချိန်မှာ မွန်းတည့်ချိန်ဖြစ်နေပြီဖြစ်၍ နေ့လယ်စာသုံးဆောင်ရင်း ခဏအပန်းဖြေအနားယူကာ ဖောင်တော်ဦးဘုရားကိန်းဝပ်ရာ စံကျောင်းတော်သို့ စက်တပ်လှေငယ်ဖြင့် ထွက်ခွာလာခဲ့သည်။ စက်တပ်လှေငယ်များမှာလည်း **စာမျက်နှာ ၃ ကော်လံ ၁ သို့**



**ကြေးမုံ စာတည်းရှုထောင့်** **၂-၁၁-၂၀၁၄၊ တနင်္ဂနွေနေ့**

# ညီညွတ်စွာဖြင့် စုပေါင်းအဖြေရှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းတွင်သည့် နေ့တစ်နေ့ သို့မဟုတ် မင်္ဂလာရှိသော နေ့တစ်နေ့။ မြန်မာ့နိုင်ငံရေးထိပ်သီးအစည်းအဝေးဟုခေါ်ဆိုနိုင်သည့် အမျိုးသားနိုင်ငံရေးအင်အားစု ငါးဖွဲ့မှ ခေါင်းဆောင်များ၏ နိုင်ငံရေးရာဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ညီညီညွတ်ညွတ်ဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

ဗုဒ္ဓဘုရားရှင်က ညီညွတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးရလဒ်ကို "သမဂ္ဂါနံ တပေါသုခေါ"ဟု ဟောဖော်ညွှန်ပြထားပေသည်။ ညီညွတ်သည့်အဖွဲ့သည် ချမ်းသာ၏ဟု ဘုရားရှင်ဟောတော်မူသည့်အတိုင်း ယနေ့ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းချိန်ကာလမျိုးတွင် အမျိုးသားနိုင်ငံရေး အင်အားစုအချင်းချင်း ညီညီညွတ်ညွတ်ဖြင့် ဆွေးနွေးညှိနှိုင်းမှု ပြုနိုင်ခဲ့သည်မှာ ချမ်းသာခြင်း၊ အောင်မြင်ခြင်းသို့ မလွဲဧကန်ရောက်ရှိနိုင်မည်ဟု ခံယူပါသည်။

အမျိုးသားနိုင်ငံရေးအင်အားစုများ ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတက နိုင်ငံရေးအမြင်မတူခြင်း၊ သဘောထားမတိုက်ဆိုင်ခြင်းများရှိနိုင်သော်လည်း မိမိတို့နိုင်ငံကို ဒီမိုကရေစီအခြေခိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာရေးဟူသည့် ဆန္ဒကမူ အားလုံးတွင် တူညီမှုရှိသည့်အတွက် မိမိတို့အချင်းချင်း လက်တွဲနိုင်မည်ဆိုလျှင် အောင်မြင်မှုများ မလွဲမသွေရရှိမည်ဖြစ်ပါကြောင်း ပြောကြားထားသည်။

ယင်းသို့ အောင်မြင်မှုများရရှိရန် နိုင်ငံရေးအင်အားစုအချင်းချင်း ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းမှလွဲ၍ အခြားနည်းလမ်းမရှိသည်ကို သမိုင်းသက်သေအရ အခိုင်အမာတွေ့ရမည်ဖြစ်ကြောင်းလည်း ထပ်လောင်းပြောကြားထားသည်။ နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကဏ္ဍပေါင်းစုံ၌ ညီညီညွတ်ညွတ်အဖြေရှာခြင်းဖြင့် အောင်မြင်သော အနာဂတ်တစ်ခုတည်ဆောက်နိုင်ရန် သမိုင်းသက်သေထား၍ တိုက်တွန်းထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးတို့အတွက် ကဏ္ဍပေါင်းစုံတွင် စုပေါင်းအဖြေရှာခဲ့ကြသည်။ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် ငြိမ်းချမ်းစွာအတူတကွနေထိုင်ရေး၊ အေးချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကြိတ်အနယ်ဆွေးနွေးခဲ့ကြ၊ အချင်းချင်း အမြင်ချင်းဖလှယ်ခဲ့ကြပြီးဖြစ်သည်။ ဤနေရာတွင် ဗုဒ္ဓနည်းကျ ငြိမ်းချမ်းစွာအမြင်ချင်းဖလှယ်ကြ၊ ဆွေးနွေးကြခြင်းသည်သာလျှင် အောင်မြင်ခြင်းပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဟု ထင်မြင်ပါသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လက်ရှိဖြစ်ထွန်းနေသည့် လုပ်ငန်းစဉ်များကို အခြေခံသော အမျိုးသားစည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များသည်လည်း ရေရာသေချာသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုမှညီညွတ်သော ဆွေးနွေးပွဲအဆင့်ဆင့်ကို အောင်မြင်စွာပြုလုပ်နိုင်မည်ဆိုလျှင် အောင်မြင်မှုများ မလွဲမသွေရရှိမည်မှာ ဧကန်မုချဖြစ်မည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ အဓိကအဆင့်တစ်ဆင့်ကို တက်လှမ်းပေးမည့် တရားမျှတပြီး လွတ်လပ်သည့် ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးတွင်လည်း တိုင်းရင်းသားပြည်သူအားလုံး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ရှုမြင်၍ ညီညီညွတ်ညွတ်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြခြင်းဖြင့် အောင်မြင်မှုကို ရယူကြရန်ဖြစ်သည်။

ယင်းအောင်မြင်မှုများအတွက် အခြေခံအကျဆုံးအချက်မှာ ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုရှိရေးပင်ဖြစ်သည်။ ယင်းကို အမျိုးသားနိုင်ငံရေးအင်အားစုများအကြား အပြန်အလှန်နားလည်မှု၊ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုတို့သည် အဓိကကျသည်ဟု ယုံကြည်ပါသည်။

ကြားကာလတွင် နိုင်ငံရေးတည်ငြိမ်မှုရှိပြီး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းအဖြေရှာနိုင်ကြမည်ဆိုလျှင် ညင်သာသည့် အသွင်ကူးပြောင်းမှုကို ဆက်လက်ဆောင်ကြဉ်းနိုင်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် မည်သည့်ကိစ္စတွင်မဆို အောင်မြင်မှုရရှိစေရန်အတွက် ဘုံရည်မှန်းချက်ကို ရှုမြင်ကာ ဗုဒ္ဓနည်းကျ ညီညွတ်စွာဖြင့် စုပေါင်းအဖြေရှာနိုင်ကြပါစေဟု ကြေးမုံက ဆန္ဒပြုလိုက်ပါသည်။ ။

# စစ်ကိုင်းတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယမန်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့ တောင်ပြင်ရပ်ကွက် သစ္စာအောင်မြေဘုန်းတော်ကြီးကျောင်း၌ သဗ္ဗသုခ လူမှုကူညီရေးအသင်းအတွက် ငွေကျပ်သိန်း ၄၀ နှင့် သစ္စာအောင်မြေဘုန်းတော်ကြီးကျောင်းအတွက် ငွေကျပ် ၄၅ သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒီပဲယင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒီပဲယင်းမြို့နယ်သည် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆန်စပါးစိုက်ပျိုးထွက်ရှိမှု တတိယအများဆုံးမြို့နယ်ဖြစ်သည့်အလျောက် ဆန်စပါးမျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးပြီး အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ခေတ်မီဆန်စက်ကြီးများတည်ဆောက်ပြီး အဆင့်မီဆန်များ ကြိတ်ခွဲထုတ်လုပ်တင်ပို့နိုင်ရန်နှင့် ဈေးကွက်သစ်များသို့ ထိုးဖောက်တင်ပို့နိုင်ရေးကို အားထုတ်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အလားတူထွက်ရှိသည့်ထုတ်ကုန်များ ရောင်းချမှုစနစ်မှန်ကန်စေရေးအတွက် ကုန်စည်ဒိုင်ဖွင့်လှစ်ထူထောင်ခြင်း၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဈေးကွက်များနှင့် ချိတ်ဆက်ရောင်းဝယ်ခြင်း၊ ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများသို့ သွားရောက်လေ့လာခြင်းများကို အသင်းအဖွဲ့တာဝန်ရှိသူများက ဦးဆောင်ဦးရွက်ပြု၍ စီမံပေးကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝဘာကျေးရွာလျှပ်စစ်မီးသွယ်တန်းရေး၊ သပိတ်လဲကျေးရွာ ချောင်းကူးတံတားဆောက်လုပ်ရေး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရေဦးမြို့နယ် တင်းတိန်ရုံကျေးရွာရှိ ထန်းတောဗောဓိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကား ပြောကြားကာ "လင်းရောင်ခြည်" စာကြည့်တိုက်အတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**




# အခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ စာချွန်လွှာရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကာကွယ်တောများနှင့်ပတ်သက်၍ သဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် နီပေါနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသအဖွဲ့အစည်း (International Centre for Integrated Mountain Development)၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အဆိုပါ အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသအဖွဲ့အစည်းတို့မှ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအတွက် နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဧည့်ခန်းမ၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသအဖွဲ့အစည်းမှ ညွှန်ကြားရေးမှူး Mr.Basanta Shrestha တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံတစ်ဝန်းရှိ ကာကွယ်တောများနှင့်ပတ်သက်၍ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း မူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာရေးဆွဲနိုင်ရေးလုပ်ငန်းအဖွဲ့၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားရာတွင် "မြန်မာနိုင်ငံ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း မူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာ မူကြမ်း"ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း နေပြည်တော်၌ ကျင်းပမည့် "အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်"၌ ဖြန့်ဝေသွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ အတည်ပြု ပြင်ဆင်ရေးဆွဲပြီးသောမူကြမ်းကို ၂၀၁၅ ခုနှစ် မတ်လအတွင်းကျင်းပမည့် "နိုင်ငံတကာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ကွန်ဖရင့်"တွင် တရားဝင်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသအဖွဲ့အစည်း၏ မဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကဏ္ဍတာဝန်ခံ ညွှန်ကြားရေးမှူး Mr.Basanta Shrestha က ၎င်းတို့အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝအခြေခံခရီးသွားလုပ်ငန်း ရေရှည်တည်တံ့နိုင်စေရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်သွားမည့်အခြေအနေများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ် Dr. Paul Rogers က မြန်မာနိုင်ငံရှိ ကာကွယ်ထိန်းသိမ်းထားသော ဧရိယာများနှင့်ပတ်သက်၍ သုတေသနပြုဆောင်ရွက်ထားရှိသော အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

# မြိုင်၌ တွင်းမရွာ မြေအောက်စက်ရေတွင်း တူးဖော်ပေး

**မြိုင် နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် တွင်းမကျေးရွာတွင် နိုင်ငံတော်၏ဆောင်ရွက်ပေးမှုကြောင့် မြေအောက်ရေများကို နိုဝင်ဘာ ၁ ရက်က ရရှိနေကြောင်း သိရသည်။

အဆိုပါကျေးရွာသည် သောက်သုံးရေရရှိရန်ခက်ခဲသော ကျေးရွာဖြစ်သည့်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးရန်ပုံငွေဖြင့် ရေကိုတန်ဖိုးရှိရှိ အသုံးချနိုင်ရန်အတွက် အိမ်ထောင်စု ၁၂၀ ရှိ လူဦးရေ ၈၉၆ ဦး တွင်းမကျေးရွာ၌ လေးလက်မတွင်းပေ ၆၀၀ နှင့်ဂါလန် ၄၀၀၀ ဆံ့ရေကန်နှင့် ရေစက်ရုံတူးဖော်ရာသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းသူရနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးတို့က ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောမြေအောက်သောက်သုံးရေ လုံလောက်စွာရရှိရန် တူးဖော်ဆောင်ရွက်ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**


JUNE INDUSTRY LTD.

ရွှေသြဇာ

June Industry Ltd.မှဖြန့်ချိသော စိမ်းပြာရေညှိထုတ်ကုန်များအား သတ်မှတ်ထားသော အရေအတွက်နှင့်အညီဝယ်ယူ၍ ၂၀၁၅ ခုနှစ် လုပ်ငန်းသုံးပြက္ခဒိန်တစ်ခုစီအား(၁-၁၁-၂၀၁၄)မှစ၍ အရောင်းကိုယ်စားလှယ်ဆိုင်များတွင်ထုတ်ယူနိုင်မည်ဖြစ်ပါကြောင်း ကြိုတင် သတင်းကောင်းပါးအပ်ပါသည်။
(ပြက္ခဒိန်လက်ကျန်ရှိသည်အထိသာ ဖြစ်ပါသည်။)

1 kg 25 kg PLANT & SOIL CONDITIONER
200 g SEED TONIC
5 kg 25 kg SPIRULINA COMPOST
Spirulina Bio Fertilizer
500 g 5 kg SPIRULINA TRICHODERMA BIO FUNGICIDE
500 ml 1000 ml LIQUID BIO FERTILIZER
500 ml 1000 ml FRUIT TONIC

➤ Ygn: + 95 9 4200 99011, 4200 99022, 4200 99033 ➤ Mdy: + 95 2 24490, 39985, 39725, 36122



Golden Culture Travels & Tours
နွေးထွေးပျူငှာ Golden Culture
အားလပ်ရက်များတွင် နောက်ဆုံးပေါ်ကားသစ်ကြီးများဖြင့် ပို့ဆောင်ပေးမည့် ခရီးစဉ်များမှာ
တောင်ကြီး၊ မီးပုံးပျံပွဲခရီးစဉ် (၄ည/၅ရက်) (Nov-4)
ထားဝယ်-ပုဒ္ဒုဇနီယပွဲတော်-ကန်ချာနာပူရီ (၅ည/၆ရက်) (Nov-5)



ချီနဲ့ခရီးသွားရတာ အရမ်းအဆင်ပြေတောင်းဆိုတဲ့? မိတ်ဆွေ၊/ဟောင်း/သစ် များအတွက်
Oct 2014 မှ Apr 2015 အတွင်း Customer
Restaurant, Hotel Package, (Express SCANIA 2+1/2+2 VIP)ကားသစ်ကြီးများဖြင့်
ခရီးစဉ်တိုင်းကို 50% Discounts တောင်ကြီးမီးပုံးပျံပွဲတော်
တောင်ကြီး–အင်းလေး–တလော–ရွှေတော်ကဏ္ဍ–ဝင်းတယ–ထမ်းစမ်း
VIP 2+1/2+2 Car ၄ည/၅ရက် Nov-4,28 160000
ပုဂံ–ညောင်ဦး–ပုပ္ပါး–ပခုက္ကူ
VIP 2+1 Car ၃ည/၄ရက် 180000 90000 Nov-4 Nov-28
Ph: 09-420073607, 09-31013761, 09-49250637



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ နှစ်(၈၀)ပြည့် မြို့နယ်လုံးကျွတ်မဟာဘုံကထိန်ပွဲတော် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

# ကျိုက္ကစံဆံတော်ရှင်စေတီတော် မသိုးရွှေကြာသင်္ကန်းပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်၌ တည်ထားကိုးကွယ်သော ဆံတော် ၇ ဆူ၊ ဓာတ်တော် ၁၀ ဆူ ကိန်းဝပ်တော်မူသည့် သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်ဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ တန်ဆောင်တိုင်ဆီမီးထွန်းညှိပူဇော်ပွဲနှင့် (၃၅)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် အဖိတ်နေ့ (နိုဝင်ဘာ ၅ ရက် ဗုဒ္ဓဟူးနေ့) ညနေပိုင်းတွင် စေတီတော်ရင်ပြင် စနေထောင့်ရှိ ကျင်းပရေးဗဟိုမဏ္ဍပ်ရှေ့၌ ကျင်းပမည်ဖြစ်သည်။

မသိုးရွှေကြာသင်္ကန်းရက်ခတ်ပြိုင်ပွဲ၌ ရက်ကန်းခတ်ကျွမ်းကျင်သူ အမျိုးသမီးများက စင်တော်ငါးစင်ဖြင့် ယှဉ်ပြိုင်ရက်ခတ်ကြပြီး တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၆ ရက် ကြာသပတေးနေ့) နံနက်အရုဏ်ဦးအချိန်တွင် ဗုဒ္ဓဝိနည်းတော်နှင့်အညီ ချုပ်လုပ်ပြီးစီးသော မသိုးရွှေကြာသင်္ကန်းတော်များကို စေတီတော်နှင့် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓဆင်းတုတော်မြတ်များထံ စေတီတော်ဩဝါဒါစရိယ ဆရာတော်များ ဦးဆောင်ကာ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်များက ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်၍ တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းတော်ရက်ခတ်ပူဇော်ပွဲသို့ ပြည်သူများ ကြွရောက်ကြည်ညိုကုသိုလ်ယူ သဒ္ဓါပွားများနိုင်ကြောင်း စေတီတော်ဂေါပကအဖွဲ့က အသိပေးနှိုးဆော်ထားသည်။

**(ကိုချစ်)**

**❖ရမည်းသင်းမှ**

ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် လှူဖွယ်ဝတ္ထုပစ္စည်း ပဒေသာပင်များ၊ အထူးလှူဖွယ်ပစ္စည်းများဖြစ်သည့် ကွန်ပျူတာနှစ်စုံနှင့် ဆိုင်ကယ်တို့ကို စာရေးတံမဲချ၍ ရမည်းသင်းမြို့နယ်ရှိ ဘုန်းကြီးကျောင်း ၆၀ သို့ ဆက်ကပ်လှူဒါန်းပြီး အောင်မြင်ရွှေဘုံကျောင်းတိုက်ဆရာတော် ချီးမြှင့်သည့် ကထိန်အနုမောဒနာတရားနာယူကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ မြို့နယ်လုံးကျွတ်မဟာဘုံကထိန်ပွဲတော်ကို အောက်တိုဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ မြို့ပေါ်နှင့် ရပ်ကွက်တို့မှ အလှူရှင်များက ပဒေသာပင်များအား ကထိန်ပတ်လမ်းအတိုင်း အတီးအမှုတ်များဖြင့် နေ့စဉ်လှည့်လည်၍ ဗဟိုမဏ္ဍပ်သို့ ပို့ဆောင်ခဲ့ကြသည်။

မြို့နယ်လုံးကျွတ် မဟာဘုံကထိန်ပွဲတော်တွင် စုစုပေါင်းတန်ဖိုးငွေ ၇၂၅၇၀၉၃၈ ကျပ်ရှိ ဉတ်ပဒေသာပင်၊ ဆွမ်းပဒေသာပင်၊ လှူဖွယ်ဝတ္ထုနှင့် ပစ္စည်းများကို ရမည်းသင်းမြို့နယ်ရှိ ဘုန်းကြီးကျောင်း ၆၀ သို့ လှူဒါန်းခဲ့ပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းလျှင် တန်ဖိုးငွေကျပ် ၁၂ သိန်းကျော်ခန့် လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရမည်းသင်းမြို့ မြို့နယ်လုံးကျွတ် မဟာဘုံကထိန်ပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၄ ရက်မှ ၁၀ ရက်အထိ ရမည်းသင်းခရိုင်နှင့် မြို့နယ်ရှိ ဒေသခံပြည်သူများ၏ စိတ်အားထက်သန်စွာ လှူဒါန်းမှုတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**■ ခရီးသွားမှ**

အသင်းအဖွဲ့ပိုင်များရှိသလို တစ်ကိုယ်ရေတစ်ကာယ ငှားစားကြသူများလည်း ရှိသည်။ ခရီးသွားဧည့်သည်များချိန်မှာတော့ စက်တပ်လှေငယ်စီးခမှာ သတ်မှတ်ဈေးနှုန်းအတိုင်း မကောက်ခံတော့ဘဲ ပါးစပ်ဈေးဖြင့်သာ စီးကြရသည်မှာလည်း မှတ်သားဖွယ်ရာပင်။

အသွားအပြန် ငွေကျပ်တစ်သောင်းခုနစ်ထောင်ဖြင့် ညောင်ရွှေလှေဆိပ်မှ စံကျောင်းတော်သို့ ၁၃ မိုင်ခရီးအကွာကို တရွေ့ရွေ့ခုတ်မောင်းလာသည့် စက်တပ်လှေငယ်ဖြင့် လိုက်ပါစီးနင်းရင်း စိမ်းလန်းစိုပြည်နေသည့် ပတ်ဝန်းကျင်ရှုခင်းအလှများ၊ နိုင်ငံခြားသားများ အထူးစိတ်ဝင်စားသည့် အင်းသားရိုးရာ ငါးဖမ်းနေမှုများ၊ စက်တပ်လှေငယ်များပေါ်၌ ကမ္ဘာလှည့်ခရီးသွားများ၏ ကျေနပ်ပီတိအပြည့်ဖြင့် ပျော်ရွှင်နေမှုများကို မြင်တွေ့ရသည်မှာ လွန်စွာမှ သဘောကျဖွယ်မြင်ကွင်းများပင် ဖြစ်သည်။

စက်တပ်လှေစီးရင်း မြင်တွေ့နေရသည့် မြင်ကွင်းအချို့မှ အထူးသတိထားမိသည့်အချက်မှာ အင်လေးကန်ရေပြင်၏ သန့်ရှင်းနေမှုနှင့် ဆမတံဆိပ်ပါ စက်ယန္တရားကြီးများ၏ လုပ်ငန်းလုပ်ဆောင်နေမှုများပင် ဖြစ်သည်။ အဆိုပါ စက်ယန္တရားကြီးများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ညောင်ရွှေမြို့ပေါ်ရောက်မှ သက်ဆိုင်ရာဌာနသို့ သွားရောက်မေးမြန်းရန် ဆုံးဖြတ်လိုက်သည်။

စာရေးသူ စီးနင်းလိုက်ပါလာသည့် စက်တပ်လှေငယ်သည် ဖောင်တော်ဦးစံကျောင်း ရောက်ရှိချိန်တွင် ဖောင်တော်ဦးဘုရား ဒေသစာရီကြွချီချိန်၌ အသုံးပြုသည့် ဖောင်တော်ကိုမြင်မိ၍ မေးမြန်းကြည့်ရာ ဒေသခံတစ်ဦးက "ဒီဖောင်တော်က ဘုရားဒေသစာရီ ကြွချီတဲ့အခါ အသုံးပြုတာပါ၊ အရင်ကတော့ ဖောင်တော်ကို ဘုရားလှည့်လည်ချိန်ရောက်မှ ဆောက်လုပ်တာဖြစ်ပြီး အခုနောက်ပိုင်းမှာတော့ ဖောင်တော်ကို ကောင်းမွန်ခိုင်ခံ့စွာ ပြုလုပ်ပြီး အခုလိုပဲ အမိုးအကာတို့နဲ့ သေချာထားတာပါ"ဟု ရှင်းပြသည်။

ဖောင်တော်ဦးစံကျောင်းထဲတွင် ပြည်တွင်းဘုရားဖူး အရေအတွက်နှင့် ပြည်ပခရီးသွားဧည့်သည်အချိုးမှာ ပြည်ပက များပြားနေသည်ကို တွေ့ရသည့်အတွက် မြန်မာလူမျိုးတစ်ယောက်အနေဖြင့် ယခုလိုတန်ခိုးကြီးဘုရားများ ပေါ်ထွန်းရာနိုင်ငံမှာ လူဖြစ်ခွင့်ရသည့်အတွက် များစွာဂုဏ်ယူမဆုံးဖြစ်နေမိသည်။ ဘုရားရင်ပြင်တော်ပေါ်၌လည်း မြန်မာအမျိုးသမီးငယ်လေးများကို မြန်မာဆန်ဆန်ဝတ်စားဆင်ယင်မှုများဖြင့် ပေါ့ပါးသွက်လက်စွာ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးပြောဆိုမှုများ မြင်တွေ့ရသည်မှာလည်း ဂုဏ်ယူဖွယ်တစ်ရပ်ပင်ဖြစ်သည်။

အင်းလေးရှိ ဖောင်တော်ဦးဘုရားကို တစ်ဝကြီးဖူးမြော်အပြီး စက်တပ်လှေငယ်လေးဖြင့်ပင် မလှမ်းမကမ်းရှိ အလိုတော်ပေါက်ဘုရားသို့ သွားရောက်ဖူးမြော်အပြီး ညောင်ရွှေမြို့သို့ အပြန်ခရီးနှင်ခဲ့လေသည်။ အပြန်ခရီးတစ်လျှောက်မှာတော့ အစီအရီဆောက်လုပ်ထားသည့် ပုဂ္ဂလိကဟိုတယ်များ၊ အင်းလေးကန်၏အရှေ့ဘက်ရှိ တောင်နှင့်မြောက်သွယ်တန်းနေသော တောင်ခြေတွင်အသစ်ဖော်ထုတ်မည့် ဟိုတယ်ဇုန်စီမံကိန်းမြေနေရာများကို လေ့လာရင်း ညနေပိုင်းတွင် ညောင်ရွှေလှေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ညောင်ရွှေသို့ ပြန်ရောက်သည်နှင့် စာရေးသူ နှစ်ခြိုက်သည့် လက်ဖက်ရည်သောက်ချိန်ပင်မထားတော့ဘဲ အင်းလေးကန်ကြီး သာယာလှပအောင် ပြုလုပ်ထားသည့် ဆည်မြောင်းဦးစီးဌာန၏ ဆောင်ရွက်ချက်များကို စာဖတ်သူ ပြည်သူအများ သိရှိနိုင်ရေးအတွက် ဌာနရှိရာ အဆောက်အအုံသို့ ဆိုင်ကယ်ကို အသော့မောင်းကာ ထွက်ခွာလာခဲ့ပေတော့သည်။ ။

# အောင်ဘာလေသိန်းဆုဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁**

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၃၁၀)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကျပ်သိန်း(၁၅၀၀)ဆု**

ဍ-၁၉၉၈၄၂

**ကျပ်သိန်း(၁၀၀၀)ဆု**

ဗ-၆၈၂၂၆၃

**ကျပ်သိန်း (၅၀၀)ဆုများ**

န-၃၉၂၈၃၂၊ ဈ-၄၂၃၁၅၃

**ကျပ်သိန်း (၃၀၀)ဆုများ**

ဝ-၉၁၁၁၅၇၆ ကဃ-၈၂၃၅၀၂

ဌ-၇၂၀၅၁ ဘ-၉၂၆၃၁၆

**ကျပ်သိန်း(၂၀၀)ဆုများ**

ဍ-၄၆၅၉၃၉ ဝ-၈၁၅၁၈၄

ဇ-၄၇၁၅၄၅ ကဂ-၅၃၁၂၇၆

ဓ-၉၇၀၃၃၁

**ကျပ်သိန်း (၁၀၀)ဆုမဲများ**

ဝ-၅၇၅၉၂၆ ဈ-၈၂၉၇၈၈

ဂ-၁၄၅၂၅၂ ပ-၃၆၅၇၉၈

ဖ-၄၅၂၆၉၇ ခ-၃၂၃၆၅၈

စ-၅၄၅၅၄၅ ပ-၄၅၇၅၇၄

ဝ-၄၃၂၈၈၆ ကခ-၇၉၀၀၃၅

င-၄၃၂၈၂၁ ကဂ-၇၇၈၇၇၉

ပ-၇၇၅၀၁၀ ပ-၇၂၉၀၀၈






## အကြမ်းဖက်သမားများ ခြိမ်းခြောက်မှု ကမ္ဘာလုံးဆိုင်ရာ မြင့်တက် ဗြိတိန်နိုင်ငံသား ခရီးသွားများအား သတိပေးချက်ထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၁**

အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေး (အိုင်အက်စ်)အဖွဲ့အား ဗြိတိန်က လေကြောင်းမှ တိုက်ခိုက်နေခြင်းကို လက်စားချေရေးအတွက် ဗြိတိန်နိုင်ငံသား ခရီးသွားများအား အကြမ်းဖက်သမားများက ပစ်မှတ်ထားတိုက်ခိုက်ရန် ကြိုးပမ်းလာဖွယ်ရှိကြောင်း ဗြိတိန်နိုင်ငံက ၎င်းနိုင်ငံသားခရီးသွားများအား သတိပေးချက် တစ်ရပ်ကို နိုဝင်ဘာ ၁ရက်တွင် ထုတ်ပြန်လိုက်သည်။

ဗြိတိန်နိုင်ငံသားများ သွားရောက်မည့် ခရီးစဉ်အားလုံးအတွက် ဗြိတိသျှနိုင်ငံခြားရေးရုံးမှ အဆိုပါ ခရီးသွားအကြံပေးစာကို နောက်ဆုံးအကြိမ် ထုတ်ပြန်ခြင်းဖြစ်သည်။

### တိုက်တွန်းထား

နိုင်ငံရပ်ခြားဒေသတွင် နေထိုင်သူ သို့မဟုတ် နိုင်ငံရပ်ခြားဒေသများသို့ သွားရောက်နေထိုင်သူ ဗြိတိန်နိုင်ငံသားများ အနေဖြင့် သတိဝီရိယရှိစွာနေထိုင်ကြရန် တိုက်တွန်းထားသည်။ အဘယ်ကြောင့် ဆိုသော် အီရတ်နှင့် ဆီးရီးယားတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများက ဗြိတိန်နိုင်ငံသားများ အပေါ် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေရန် လှုံ့ဆော်မှုများ ပြုနေခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

### စတင်ပြုလုပ်

ဗြိတိသျှပါလီမန်၏ ခွင့်ပြုချက်ဖြင့် အီရတ်နိုင်ငံတွင်းရှိ အိုင်အက်စ်အစွန်းရောက်အဖွဲ့အား ဗြိတိန်က လေကြောင်းမှတိုက်ခိုက်မှုကို ယခုနှစ် စက်တင်ဘာလအတွင်းက စတင်ခဲ့သည်။ ဗြိတိန်တော်ဝင်လေတပ်မှ လေယာဉ်များသည် အိုင်အက်စ်တပ်ဖွဲ့များအား နေ့စဉ်နီးပါးမျှ တိုက်ခိုက်လျက်ရှိသည်။

အိုင်အက်စ်တပ်ဖွဲ့များက ဆီးရီးယားနှင့် အီရတ်နိုင်ငံအတွင်း ကြီးမားသော နယ်မြေအစိတ်အပိုင်းကို သိမ်းယူထားပြီး ဗြိတိန်လေတပ်မှ တော်နေဒိုးတိုက်လေယာဉ်များက အီရတ်နိုင်ငံတွင်း၌ လေကြောင်းမှ တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။

**ဘီဘီစီ။**



ဗာဂျင်ဂါလက်တစ်အာကာသခရီးသည်တင်ယာဉ် စမ်းသပ်ပျံသန်းစဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားပုံ။

## အာကာသခရီးသည်ယာဉ် စမ်းသပ်ပျံသန်းစဉ်ပျက်ကျ

**ဝါရှင်တန် နိုဝင်ဘာ ၁**

ဆာရစ်ချတ်ဘရန်ဆန်က "ဗာဂျင်ဂါလက်တစ်" အာကာသယာဉ်ပျက်ကျ၍ လူသေဆုံးမှုရှိခဲ့သော်လည်း ၎င်း၏ အာကာသခရီးသွားလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချထားကြောင်း ယနေ့ ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် မိုဂျေ့ဗ်ဗီသဲကန္တာရအတွင်း၌ သောကြာနေ့တွင် အာကာသယာဉ်(၂) ပေါက်ကွဲသွားခဲ့ရာ အာကာသယာဉ်မှူးတစ်ဦး သေဆုံးပြီး အခြားတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

လေ့စ်အိန်ဂျလိမြို့ မြောက်ဘက်ယာဉ်ပျက်ကျသည့်နေရာသို့ စုံစမ်းစစ်ဆေးရေးအဖွဲ့များ သွားရောက်လျက်ရှိသည်။ အာကာသခရီးသွားလုပ်ငန်းကို အချိန်အတန်ကြာကပင် ထောက်ခံအားပေးသူဖြစ်သော ဗာဂျင်အုပ်စုတည်ထောင်သူ မစ္စတာဘရန်ဆန်က အဆိုပါ ဖြစ်ရပ်ဆိုးကြောင့် ၎င်းအနေဖြင့် တုန်လှုပ်ချောက်ချားရကြောင်း၊ ဝမ်းနည်းကြေကွဲရကြောင်း၊ သို့သော် ၎င်းလုပ်ငန်းကို စွဲစွဲမြဲမြဲ ဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗာဂျင်က ၂၀၁၅ ခုနှစ်တွင် စီးပွားဖြစ် အာကာသခရီးသွားလုပ်ငန်းကို စတင်နိုင်မည်ဟု မျှော်မှန်းထားသည်။ ၎င်းက တစ်ဦးလျှင် ဒေါ်လာ ၂၅၀၀၀၀ နှုန်းဖြင့် ခရီးသည် ၇၀၀ ကျော် ကြိုတင်စာရင်းပေးမှု လက်ခံရရှိထားပြီးဖြစ်သည်။

ပထမဆုံးခရီးစဉ်တွင် မစ္စတာ ဘရန်ဆန်က သူကိုယ်တိုင်လိုက်ပါမည်ဟု ကတိပြုထားသည်။ ၎င်းအာကာသယာဉ်သည် စမ်းသပ်ပျံသန်းရန်အတွက် ကယ်လီဖိုးနီးယားပြည်နယ် တာကာဖီးလ်မြို့အနီးမှ ပျံတက်ပြီး မကြာမီပျက်ကျခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**

## ဘင်္ဂလားဒေ့ရှ် လျှပ်စစ်ဓာတ်အား အကြီးအကျယ် ပြတ်တောက်သွား

**ဒက္ကာ နိုဝင်ဘာ ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အိန္ဒိယနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဆက်သွယ်ထားသည့် လျှပ်စစ်ဓာတ်အားလိုင်း ချို့ယွင်းသွားသဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြီးတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဒေသစံတော်ချိန် ယနေ့ညနေပိုင်းမှ စတင်၍ နိုင်ငံပိုင် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသည့် ဒေသအားလုံး၌ လျှပ်စစ်မီးပျက်သွားခဲ့သည်။

နာရီအနည်းငယ်အတွင်း မြို့တော်၏ အချို့အရပ်များ၌ လျှပ်စစ်မီးပြန်လည်ရရှိခဲ့သည်။ နိုင်ငံ၏ ကျန်ဒေသများ၌ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိစေရန် အင်ဂျင်နီယာများက ကြိုးစားလုပ်ဆောင်နေကြောင်း တာဝန်ရှိသူများက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယမန်နှစ် အောက်တိုဘာလမှစ၍ အိန္ဒိယနိုင်ငံမှ လျှပ်စစ်ဓာတ်အား ဝယ်ယူသုံးစွဲလျက်ရှိသည်။

ယင်းသို့ ဓာတ်အားပြတ်တောက်ရခြင်း၏ အကြောင်းရင်းကို အတိအကျမသိရှိရသေးကြောင်း၊ အိန္ဒိယနိုင်ငံမှဓာတ်အားကို ထပ်ဆင့်ဖြန့်ဖြူးပေးသည့် လျှပ်စစ်ဓာတ်အားခွဲရုံ၌ နည်းပညာပိုင်းဆိုင်ရာချို့ယွင်းမှု ဖြစ်ပေါ်ခဲ့၍ လျှပ်စစ်မီး ပြတ်တောက်ရခြင်းဖြစ်ကြောင်း နိုင်ငံပိုင် လျှပ်စစ်လုပ်ငန်း၏ အကြီးအကဲ ချောက်ဒူရီအလာပီယာဟူစိန်က အေပီ သတင်းဌာနသို့ ပြောကြားခဲ့သည်။

ထို့မှတစ်ဆင့် နိုင်ငံတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တစ်ခုပြီးတစ်ခု ဓာတ်အားဖြန့်ဖြူးမှု ပိတ်သွားရခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံရှင်းပြသည်။ **ဘီဘီစီ။**

## အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု မရှိကြောင်း ဘိုကိုဟာရမ်အဖွဲ့ ငြင်းဆို

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၁**

နိုင်ဂျီးရီးယားအစွန်းရောက်အစ္စလာမ္မစ်အုပ်စု ဘိုကိုဟာရမ်အဖွဲ့ ခေါင်းဆောင်က အစိုးရနှင့် အပစ်အခတ် ရပ်စဲထားခြင်းမရှိကြောင်း ငြင်းဆိုလိုက်ကာ ပြန်ပေးဆွဲထားသော ကျောင်းသူ ၂၀၀ ကျော်ကို အစ္စလာမ္မစ်ဘာသာသို့ ကူးပြောင်း၍ လက်ထပ်ထိမ်းမြားပေးခဲ့ပြီးဖြစ်ကြောင်း ယနေ့ ပြောကြားသည်။

### ဖျက်ဆီးလိုက်

နိုဝင်ဘာ ၃၁ ရက်နေ့ အနှောင်းပိုင်းတွင် ထုတ်ပြန်သော ဗီဒီယို၌ မိန်းကလေးများ ပြန်လည် လွတ်မြောက်ရန်အတွက် အကျဉ်းသား လဲလှယ်ရေး မျှော်လင့်ချက်ကို အကြမ်းဖက် ခေါင်းဆောင် အဘူဘာကာရှီကာအူက ဖျက်ဆီးလိုက်ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယား ကာကွယ်ရေးဦးစီးချုပ် လေတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး အဲလက်စ်ဘာဒက်ချ်က ငါးနှစ်ကြာ သောင်းကျန်းမှု အဆုံးသတ်ရေးအတွက် ချက်ချင်းအပစ်အခတ်ရပ်စဲရန် ဘိုကိုဟာရမ်အဖွဲ့နှင့် သဘောတူညီမှု ရရှိကြောင်း အောက်တိုဘာ ၁၇ ရက်တွင် ကြေညာခဲ့သည်။

### သိမ်းယူ

သို့သော်လည်း တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ပြီး ပြန်ပေးဆွဲမှုများလည်း ဆက်လက်ပေါ်ပေါက်ခဲ့သည်။ စစ်သွေးကြွများသည် ယခုသီတင်းပတ်အတွင်း မူဘီမြို့ကိုသိမ်းယူခဲ့ကြပြီး ဗိုလ်ချုပ်ကြီး၏ မွေးဖွားရာဇာတိကျေးရွာအနီး၌ သောကြာနေ့တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ **အေပီ။**

## ပထမကမ္ဘာစစ်ပွဲဝင်ရန် အန်ဇက်အဖွဲ့မှ စစ်သည်များ ထွက်ခွာခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကျင်းပ



ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံမှ တပ်ဖွဲ့ဝင်များ ပထမကမ္ဘာစစ်ဆင်နွှဲရန် ထွက်ခွာသည့်နှစ် ၁၀၀ ပြည့် အခမ်းအနား ကျင်းပစဉ်။

**အယ်လ်ဘာနီ (ဩစတြေးလျ) နိုဝင်ဘာ ၁**

ပထမကမ္ဘာစစ်တွင် ပါဝင်တိုက်ခိုက်ရန် အန်ဇက်အဖွဲ့မှ တပ်ဖွဲ့ဝင် ၃၀၀၀၀တို့ ထွက်ခွာခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဩစတြေးလျနိုင်ငံ အယ်လ်ဘာနီမြို့၌ နိုဝင်ဘာ ၁ ရက်တွင် ကျင်းပရာ ဒေသခံများထောင်နှင့်ချီ၍ တက်ရောက်ကြသည်။

ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ ကြည်းတပ်တပ်ဖွဲ့ဝင်များပါဝင်သော (အန်ဇပ်) တပ်ဖွဲ့ဝင်များသည် ၁၉၁၄ ခုနှစ် နိုဝင်ဘာလ ၁ရက်နေ့တွင် ဩစတြေးလျနိုင်ငံ အနောက်ဘက် အစွန်ရှိ အယ်လ်ဘာနီမြို့မှ ဥရောပတိုက်သို့ ရေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြသည်။

အဆိုပါ အထိမ်းအမှတ် အခမ်းအနားတွင် အဆိုပါ တပ်ဖွဲ့ဝင်များ၏ ရေယာဉ်စု ဥရောပစစ်မြေပြင်သို့ ထွက်ခွာခြင်းကို ပြန်လည်သရုပ်ပြလုပ်ဆောင်ခဲ့သည်။

အခမ်းအနားသို့ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် တိုနီအက်ဘော့နှင့် နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် ဂျွန်ကီးတို့ တက်ရောက်ကြသည်။

ဩစတြေးလျနိုင်ငံသည် အဆိုပါစစ်သည်များ ဥရောပစစ်မြေပြင်သို့ ထွက်ခွာခြင်းမှစကာ ပထမကမ္ဘာစစ်အတွင်း ဝင်ရောက်ခဲ့သည်။ ယင်းစစ်သည်များအား ရေယာဉ် ၃၈ စင်းဖြင့် တင်ဆောင်ကာ ဩစတြေးလျ၊ နယူးဇီလန်တို့မှ စစ်ရေယာဉ်များက ကာကွယ် စောင့်ရှောက်ပေးခဲ့ကြသည်။

ဩစတြေးလျနှင့်နယူးဇီလန်တို့မှစစ်သည်များစွာအား ၁၉၁၅ ခုနှစ်တွင် ဆိုးရွားသော ဂယ်လီပိုလီစစ်မြေပြင်သို့ စေလွှတ်တိုက်ခိုက်စေခဲ့ရာ ယင်းတို့ထဲမှာ စစ်သည် ထောင်နှင့်ချီကာ ကျဆုံးခဲ့ရသည်။

အန်ဇပ်တပ်ဖွဲ့ဝင်များ ဥရောပသို့ ထွက်ခွာခြင်း ပြန်လည်သရုပ်ပြပွဲကို အယ်လ်ဘာနီမြို့၌ ကျင်းပရာ ဩစတြေးလျရေတပ်မှ စစ်ရေယာဉ်ငါးစင်း၊ နယူးဇီလန်ရေတပ်မှ စစ်ရေယာဉ် နှစ်စင်းနှင့် ဂျပန်ရေတပ်မှ စစ်ရေယာဉ်တစ်စင်းတို့ ပါဝင်ခဲ့သည်။

**ဘီဘီစီ။**

# ဒုတိယအကြိမ် အာဆီယံနှင့် အမေရိကန် စီးပွားရေးဦးဆောင်သူများအစည်းအဝေး၏ အနှစ်သာရ

၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် နေပြည်တော်ရှိ Royal ACE ဟိုတယ်၌ ဒုတိယအကြိမ် အာဆီယံနှင့်အမေရိကန်စီးပွားရေး ဦးဆောင်သူများ အစည်းအဝေး (2nd ASEAN-US Business Summit) အဖြစ် အာဆီယံဒေသတွင်းတွင် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (SMEs) တိုးတက်မှုအား ရည်ရွယ်ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ အာဆီယံစီးပွားရေးဝန်ကြီးများ၊ အမေရိကန်ပြည်ထောင်စုမှ ကုန်သွယ်ရေးဆိုင်ရာ အကြီးတန်းကိုယ်စားလှယ်များ၊ အာဆီယံနှင့် အမေရိကန်နိုင်ငံတို့မှ စီးပွားရေးကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ အာဆီယံနှင့် အမေရိကန်စီးပွားရေးဆက်သွယ်မှုအား အရှိန်မြှင့်တင် အားပေးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဆက်စပ်အစည်းအဝေးများ ဆောင်ရွက်နေစဉ် ကာလအတွင်း Sideline Event အဖြစ် ကျင်းပခြင်းဖြစ်ပါသည်။ အထူးသဖြင့် ASEAN-US Business Summit ၏ theme မှာ "SMEs and the Global Supply Chain" ဖြစ်သည့်အတွက် အာဆီယံ ဒေသအတွင်း SMEs များအား ကမ္ဘာ့ value chains နှင့်တိုးတက်ချိတ်ဆက်ရေးနှင့်စပ်လျဉ်းသည့် ဒေသဆိုင်ရာမူဝါဒများကို ဆွေးနွေးခဲ့ကြပါသည်။ SMEs လုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်းနှင့်မူဘောင် (Regulatory environment) ကောင်းမွန်တိုးတက်လာပါက နည်းပညာလွှဲပြောင်းမှု၊ တီထွင်ဆန်းသစ်မှုများ ဖြစ်ပေါ်တိုးတက်မှုမှတစ်ဆင့် ဒေသတွင်းတွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အဓိကဆွေးနွေးခဲ့ကြပါသည်။

အကျိုးကျေးဇူးအဖြစ် အာဆီယံနှင့်အမေရိကန်အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရန် SMEs ဆိုင်ရာ စွမ်းဆောင်ရည်လုပ်ငန်းများတွင် ပိုမိုတိုးတက်လုပ်ဆောင်နိုင်ပြီး အကျိုးစီးပွားများလည်း ပိုမိုရရှိခံစားလာနိုင်မည်ဖြစ်ပါသည်။ **ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်ရေး**ကိစ္စရပ်များသည် မိမိတို့အာဆီယံဥက္ကဋ္ဌ ရာထူးဆောင်ရွက်နေစဉ်အတွင်း အထူးအလေးပေးအကောင်အထည်ဖော်ဆောင်လိုသည့် လုပ်ငန်းရပ်တွင်ပါဝင်လျက် ရှိပါသည်။

၂၀၁၃ ခုနှစ်တွင် အာဆီယံနှင့်အမေရိကန်အကြား **ကုန်သွယ်မှု**မှာ အမေရိကန်ဒေါ်လာ ၂၀၇ ဘီလီယံရရှိခဲ့ပြီး နှစ်အလိုက်တိုးတက်မှုမှာ လေးရာခိုင်နှုန်းဖြစ်ပါသည်။ အမေရိကန်သည် အာဆီယံ၏စတုတ္ထအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး အာဆီယံသည် အမေရိကန်သို့ပို့ကုန်တင်ပို့မှုဈေးကွက်တွင် စတုတ္ထအဆင့်၌ ရပ်တည်နေသည့် ကုန်သွယ်ဖက် နိုင်ငံဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ အမေရိကန်သည် အာဆီယံသို့ **တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု**မှာလည်း စတုတ္ထအဆင့်တွင် ရပ်တည်နေပါသည်။ ၂၀၁၂ ခုနှစ်တွင် အာဆီယံသို့ အမေရိကန်နိုင်ငံမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံရရှိခဲ့ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုစီးဝင်မှု၏ ၂ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ပါသည်။ အာဆီယံတွင် ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်၏လုပ်ငန်းများမှာထုတ်လုပ်မှု၊ ဘဏ္ဍာရေး၊ ဘဏ်မဟုတ်သော ကုမ္ပဏီလုပ်ငန်းများ ဖြစ်ပါသည်။

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် အာဆီယံ၏ စီးပွားရေးအဆောက်အအုံ၏ ၉၆ ရာခိုင်နှုန်းရှိပြီး **စီးပွားရေး၏အဓိကကျောရိုးပင်**ဖြစ်ပါသည်။ အာဆီယံဒေသနိုင်ငံများ၏ အလုပ်အကိုင်ဖန်တီးမှု၏ ၅၀ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအထိဖြစ်ပါသည်။ ကမ္ဘာ့ value chains ဖြင့် လုပ်ငန်းသေးများနှင့် လုပ်ငန်းကြီးများအကြား အကျိုးကျေးဇူးရှိသည့် ပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး ဈေးကွက်များနှင့် ကုန်သွယ်မှုတွင် တိုးတက်စွာ ပုံဖော်လာနိုင်မည်ဖြစ်ပါသည်။



ASEAN-US Trade and Investment Framework Arrangement (TIFA)နှင့် ၂၀၁၄ ခုနှစ် the Expended Economic Engagement (E3) Initiative အောက်တွင် အာဆီယံနိုင်ငံများ၌ USAID မှတစ်ဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ အာဆီယံပြတင်းတစ်ပေါက်စနစ်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စံချိန်စံညွှန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီးဖြစ်သူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အာဆီယံစီးပွားရေးအသိုက်အဝန်းအား ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရာတွင် **ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝပါဝင်ပေါင်းစည်းမှုရှိသော ဒေသတစ်ခုဖြစ်အောင် အာဆီယံနိုင်ငံများအကြား ကတိကဝတ်များထားရှိပါကြောင်း၊** အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဒေသ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် အလွန်အရေးပါပါကြောင်း၊ အာဆီယံဒေသတွင်းတိုးတက်ရေး၊ ဆင်းရဲမှုလျော့ကျရေးနှင့် **စီးပွားရေးဖွံ့ဖြိုးမျှတသည့်ဒေသဖြစ်ပေါ်စေရေးအတွက်** အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်ရေးသည် အဓိကယန္တရားတစ်ရပ်ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် အာဆီယံနှင့် အမေရိကန်စီးပွားရေးဦးဆောင်သူများ အစည်းအဝေးတွင်လည်း ဒေသဆိုင်ရာနှင့်အပြည်ပြည်ဆိုင်ရာ ဈေးကွက်များနှင့်ချိတ်ဆက်နိုင်ရေး မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များစွာလည်းတက်ရောက်သည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း အဖွင့်စကားတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် Mr.Michael Froman ကလည်း စီးပွားရေးချိတ်ဆက်မှုစွမ်းအားနှင့် ဒေသဆိုင်ရာပူးပေါင်းမှုများအား ယုံကြည်သည့်အတွက် ယနေ့ ယခုနေရာသို့ လာရောက်စုစည်းတည်ရှိနေခြင်းဖြစ်ကြောင်း၊ အာဆီယံဒေသ၏စီးပွားရေးအလားအလာအား အဆုံးစွန် (Fulleconomicpotential) အထိရောက်ရှိအောင် အာဆီယံ၏အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအား ကမ္ဘာ့ဈေးကွက်အထိ ချိတ်ဆက်နိုင်ရေးအတွက် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

## ခင်ချင်းတွင်း

အမေရိကန်နိုင်ငံ စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ Assistant Secretary သံအမတ်ကြီး Charles Rivkin က Secretary John Kerry ၏ အဆိုအရ စီးပွားရေးမူဝါဒ (Economic policy) သည် နိုင်ငံခြားရေးမူဝါဒ (Foreign policy) ပင်ဖြစ်ပါကြောင်း၊ အာဆီယံနှင့်အမေရိကန် စီးပွားရေးဦးဆောင်သူများ အစည်းအဝေးအား ကျင်းပရခြင်းအားဖြင့် အာဆီယံနှင့်အမေရိကန်နိုင်ငံတို့အကြား ဆက်ဆံရေးသည် အားတက်စရာကောင်းပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် US-ASEAN Business Council နှင့် U.S Agency for International Development(USAID)၏ ASEAN Connectivity through Trade and Investment programme တို့ ပူးပေါင်းပြုစုထားသည့် အာဆီယံဒေသတွင်း SMEs များ၏လုပ်ထုံးလုပ်နည်းနှင့် မူဘောင်များ တိုးတက်ကောင်းမွန်စေရေးအတွက် တင်ပြချက်အစီရင်ခံစာအားဖြန့်ချိခဲ့သည်။ အာဆီယံစီးပွားရေးအသိုက်အဝန်းမှ ဖန်တီးပေးသည့် အခွင့်အလမ်းများမှတစ်ဆင့် ဒေသတွင်းတွင် ယှဉ်ပြိုင်မှုများတိုးတက်လာပြီး Global Supply Chain ဖြင့် ကမ္ဘာ့ဈေးကွက်သို့ ရောက်ရှိစေရေး ပံ့ပိုးဆောင်ရွက်ပေးရန်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဓိကအားဖြင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုမှာ မရှိမဖြစ်လိုအပ်လျက်ရှိပြီး **ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများအား ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် အဓိကအခြေခံကျသည့် အချက်များအား** ဆောင်ရွက်စေခြင်းအားဖြင့် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်၊ စီမံခန့်ခွဲမှုစသည်တို့ကို ပိုမိုဖွံ့ဖြိုးစေနိုင်မည်ဖြစ်သည်။

အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပေါ်စေရေးအတွက် Investment Climate ကောင်းမွန်ရေး၊ အရည်အသွေးရှိသော အလုပ်အကိုင်များ၊ လုပ်ခလစာများဖြစ်ပေါ်စေရေးအတွက် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအား အားပေးရေး၊ Global Supply Chain များတွင် စီးပွားရေးလုပ်ငန်းများ ပါဝင်နိုင်စေရေးအတွက် လုပ်ငန်းများလွယ်ကူချောမွေ့စေရေးစသည်တို့ကို သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများမှ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ အာဆီယံ-အမေရိကန်စီးပွားရေး ဆက်ဆံမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ယူသည့် ၂၀၁၄ ခုနှစ်တွင် ညှိနှိုင်းရေးမှူးနိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့နိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ရယူထားစဉ်အတွင်း အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်ရေးအတွက် အောင်မြင်အောင် ဖော်ဆောင်မည့် အဓိကလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကိစ္စရပ်ပါဝင်သည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့်ထိတွေ့ဆက်ဆံသည့် အဆိုပါ ဦးဆောင်သူများအစည်းအဝေးအား မိမိတို့ အာဆီယံဥက္ကဋ္ဌရာထူးထမ်းဆောင်နေစဉ်အတွင်း အထူးအလေးပေးအကောင်အထည်ဖော်ဆောင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ။









# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လေ့လာရေးအဖွဲ့ဝင်များ နေပြည်တော်ရှိ စိုက်ကွင်းများအားလေ့လာ



**နေပြည်တော် နိုဝင်ဘာ ၁**

နေပြည်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာဝန်ကြီးများနှင့် စိုက်ပျိုးရေးပညာရှင်များသည် ယနေ့နံနက် ၇ နာရီတွင် ဥတ္တရသီရိမြို့နယ် တောင်သူပညာပေး ဧက ၉၀၀ စိုက်ကွင်းသို့ လာရောက်လေ့လာကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကြိုဆိုပြီး ဩော်ဂဲနစ်သဘော်စိုက်ခင်း၊ ပိန်းဥစိုက်ခင်း၊ စင်တင်ဘူးစိုက်ခင်းနှင့် နာနတ်သီးစိုက်ခင်းများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ စမ်းသပ်တူးဖော်ထားသော ပိန်းဥများနှင့် ကန်စွန်းဥများ၊ ပျိုးဥယျာဉ်ရှိ မျိုးပင်၊ ပျိုးပင်များ၊ ငွေချည် (၈)နှင့် ရွှေတောင် (၉) ချည်မျှင်ရှည် ဝါသီးနှံစိုက်ကွင်းနှင့် ကြံစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီးက လေ့လာရေးအဖွဲ့ဝင်များအား လယ်ယာကဏ္ဍသည် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းအများဆုံး၊ အလုပ်အကိုင်ရှာဖွေပေးနိုင်မှု အလွယ်ဆုံးကဏ္ဍဖြစ်သည့်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဟန်ချက်ညီစွာအာရုံစူးစိုက်ပြီး အကောင်အထည်ဖော်ပေးပါက အလုပ်လက်မဲ့ပြဿနာနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုသဘင် အထိမ်းအမှတ်အခမ်းအနား စည်ကားသိုက်မြိုက်စွာဖွင့်လှစ်



ရန်ကုန် နိုဝင်ဘာ ၁

**နှစ်(၅၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ရွှေရတုသဘင် အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက်က ရန်ကုန်စီးပွားရေးတက္ကသိုလ်ရွှေ့မုခ်ဦး၌ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ရွှေရတုအခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ တာဝန်ခံပါမောက္ခချုပ်က ပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် ရွှေရတုသဘင်ပွဲတော်နှင့်အတူ စာတမ်းဖတ်ပွဲ၊ ဓာတ်ပုံပြပွဲ၊ ကျောင်းသားကျောင်းသူဟောင်းများဈေးရောင်းပွဲတော်နှင့် ကုမ္ပဏီများ၏ အရောင်းပြခန်းများဖြင့် သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ရွှေရတုသဘင် ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများ၊ တာဝန်ခံပါမောက္ခချုပ်နှင့် အတူ ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာသန်းညွန့်၊ ဦးမြတ်သိန်းနှင့် ပါမောက္ခချုပ် (အငြိမ်းစား)ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**(၀၀၁)**

# နိုင်ငံတကာစံချိန်မီ စီဒီနှင့် ဒီဗွီဒီများ ထုတ်လုပ်ကူးယူနိုင်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၁**

ဗီဒီယိုဇာတ်လမ်း၊ တေးသီချင်း၊ တရားပွဲမှတ်တမ်း၊ ကုမ္ပဏီမှတ်တမ်းနှင့် အခြားသော အရုပ်၊ အသံမှတ်တမ်းများကို လုံခြုံစိတ်ချစွာ သိမ်းဆည်းထားနိုင်မည့် နိုင်ငံတကာစံချိန်မီ CD,DVD5, DVD9 Disc များ ထုတ်လုပ်ကူးယူခြင်း လုပ်ငန်းကို မြန်မာနိုင်ငံအတွင်း ပြုလုပ်နိုင်တော့မည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Myanmar Motion Picture Development Public Co.,Ltd.) မှ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့သည့် နိုင်ငံတကာစံချိန်မီ ရုပ်သံပါဝင်သည့် DVD အချပ်များ ထုတ်လုပ်ကူးယူနိုင်မည့် Info-9 စက်ရုံကို နိုဝင်ဘာ ၁ ရက်က ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာ စက်မှုဇုန်(၂)တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

စက်ရုံဖွင့်ပွဲ အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒါရိုက်တာပန်းချီစိုးမိုးက စက်ရုံအကြောင်း ရှင်းလင်းပြောကြားရာတွင် စက်ရုံဖွင့်လှစ်နိုင်ခြင်းအတွက် ကျွန်တော်နှင့်အတူ ရုပ်ရှင်လောကသားအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်မည်ဟု ယုံကြည်ကြောင်း၊ ယနေ့ထွက်ရှိသည့် ဗွီဒီယို၊ ဗွီစီဒီ၊ ဒီဗွီဒီကားများအားလုံး တရုတ်နိုင်ငံမှ ထုတ်သည့် ကုန်ကြမ်းပစ္စည်းများနှင့်သာ ကူးယူနေရကြောင်း၊ ယခုအခါ ကော်စေ့မှတစ်ဆင့် ကူးယူရရှိမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ အခွေများမှာ အခွေဆိုင်သို့မကြာခဏ ပြန်ပို့နေရကြောင်း၊ ယခုစက်ရုံမှ ထုတ်သည့် အခွေမှာ ထစ်ခြင်းမရှိကြောင်း၊ မူရင်းကောင်းသလောက် မူရင်းအတိုင်း ထွက်မည်ဖြစ်ကြောင်း၊ နှစ်ပေါင်းများစွာ စာကြည့်တိုက်ကဲ့သို့ သိမ်းဆည်းထားနိုင်ကြောင်း၊ နည်းပညာတိုးတက်မှုအပေါ် အရည်အသွေးမြင့်လာသည့်အတွက် ရရှိလာသည့် အခွင့်အရေးအပေါ် အကောင်းဆုံးဖန်တီးနိုင်ပါက ရုပ်ရှင်လောကတစ်ခုလုံး တိုးတက်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားသွားသည်။

**(အောင်သူရ)**



# သတင်းအချက်အလက်နည်းပညာဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း) ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံသတင်းအချက်အလက် နည်းပညာဖွံ့ဖြိုးရေးဥပဒေ (မူကြမ်း) ညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားရာတွင် သတင်းအချက်အလက် နည်းပညာလုပ်ငန်းများ ကျွမ်းကျင်မှုရှိစေရန်နှင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်မှုများ တိုးတက်လာစေရန် ရည်ရွယ်ပါကြောင်း၊ သတင်းအချက်အလက်နည်းပညာကို အသုံးပြု၍ စီးပွားရေး၊ ပညာရေး၊ အုပ်ချုပ်ရေးစသည့် လုပ်ငန်းနယ်ပယ်အားလုံးတွင် ခေတ်စနစ်နှင့်အညီ အသုံးပြုနိုင်ရန်နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာရပ်များနှင့် သုတေသနဆောင်ရွက်ချက်များ ပိုမိုအဆင့်မြင့်မားလာစေရေး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ သတင်းအချက်အလက် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များနှင့် လုပ်ငန်းများ တည်ထောင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းများတွင် ပိုမိုလွယ်ကူစွာဆောင်ရွက်နိုင်ရေး လိုအပ်ပါကြောင်း၊ သတင်းအချက်အလက် နည်းပညာဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမျိုးသားရေးလိုအပ်ချက်နှင့် မူဝါဒများကို ဝန်ကြီးဌာနအသီးသီးမှ လက်ရှိရေးဆွဲထားသော ဥပဒေမူကြမ်းအပေါ် လိုအပ်ချက်များ၊ ပြုပြင်ပြောင်းလဲရန်အချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရေးဆွဲထားသော ဥပဒေမူကြမ်းကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က e-Government ဆိုင်ရာ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က ခေတ်စနစ်လိုအပ်ချက်နှင့်အညီ သတင်းအချက်အလက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရပ် အထောက်အကူပြုသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သုတေသနစာတမ်းဖတ်ပွဲများ၊ အစည်းအဝေးများကို ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာတို့တွင်ပြုလုပ်နိုင်ရေးနှင့် ပါဝင်နိုင်ရေး ပံ့ပိုးကူညီနေမှုတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**



**ပြည်တွင်းရေးရာ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ



**နေပြည်တော် နိုဝင်ဘာ ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr.Mikhail Myasnikovich ၏ဖိတ်ကြားချက်အရ ချစ်ကြည်ရေး ခရီးသွားရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများက လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်လွင်ဦး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လူအေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံသည် ယခင် ဆိုဗီယက်ပြည်ထောင်စုအတွင်း ပါဝင်ခဲ့ပြီး ၁၉၉၁ ခုနှစ် ဩဂုတ် ၂၅ ရက်နေ့တွင် လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်ကြေညာခဲ့သည်။ ဘယ်လာရုစ်သမ္မတနိုင်ငံသည် အာဆီယံနိုင်ငံများနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိခဲ့ပြီး မြန်မာနိုင်ငံနှင့်သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် စတင်ခဲ့သည်။ ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E.Mr. Mikhail Myasnikovich နှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် အလည်အပတ်ခရီးလာရောက်ခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေး၊ လယ်ယာစိုက်ပျိုးရေး၊ ပညာရေး စသည့်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ခရီးစဉ်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တပ်မတော်ပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား အကျိုးတူကိစ္စရပ်များ ဆွေးနွေးခြင်း၊ ယဉ်ကျေးမှုဆိုင်ရာများကို လေ့လာမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

# ၂၀၁၃ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ရွေးချယ်ချီးမြှင့်ခံရသည့် စာရေးဆရာကြီးများနှင့် တွေ့ဆုံမေးမြန်းခြင်း

**သတင်း -သီသီမင်း**
**ဓာတ်ပုံ-ခင်မောင်ဝင်း**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ၂၀၁၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု ရွေးချယ်ချီးမြှင့်ရာတွင် စာပေလောက၌ ထင်ရှားကျော်ကြားသည့် စာရေးဆရာကြီးများဖြစ်ကြသော ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ဆရာကြီး စည်သူ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်) နှင့် ဆရာကြီး ဦးမြင့်ကြည်(တက္ကသိုလ် မြတ်စိုး)တို့အားရွေးချယ်ခဲ့သည့်အတွက် စာရေးဆရာကြီးများအားသွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

## ဆရာကြီးဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)

**မေး- တစ်သက်တာစာပေဆုရတဲ့အပေါ် ဆရာ့ရဲ့ ပီတိစကားသံကို ပြောပြပေးပါ။**

ဖြေ - တစ်သက်တာစာပေဆုရတယ်ဆိုတော့ကိုယ်တစ်သက်လုံးလုပ်ခဲ့တဲ့ စာပေဆိုင်ရာကိစ္စတွေကို အသိအမှတ်ပြုတာဖြစ်တဲ့အတွက် ဝမ်းသာတာပေါ့။

**မေး- ဆရာရေးသားခဲ့တဲ့ စာပေတွေနဲ့ပတ်သက်ပြီး ပြန်လည်သုံးသပ်ပေးပါ။**

ဖြေ- ဆရာက မြန်မာစာအရေးအသားအပါအဝင် စာလုံးပေါင်းသတ်ပုံကိစ္စတို့ အသုံးအနှုန်းတို့၊ မြန်မာစကား၊ မြန်မာစာပေ၊မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကြောင်းတွေတောက်လျှောက်ရေးတယ်။ နောက်တစ်ခု ဆရာက ကျောင်းသား လူငယ်လူရွယ်တွေအတွက်ကိုယ်ကျင့်တရားနှင့်ဆိုင်တာတွေ ၊ပညာထူးချွန်အောင် ကြိုးစားစေချင်တာတွေ၊ လူငယ်တွေလူမှုပတ်ဝန်းကျင်မှာ ဝင်ဆံ့ပြီးလူမှုအကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်စေချင်တာတွေ အဲဒါတွေကို အလေးထားပြီးရေးတယ်။ နောက်ပြီး ကိုယ့်ပတ်ဝန်းကျင်မှာ မြင်တွေ့တာလေးတွေ၊ ကိုယ်တွေ့အကြောင်းအရာလေးတွေကို ဆောင်းပါးရေးဖြစ်တယ်။

**မေး- ယနေ့လူငယ်တွေကို စာဖတ်ဖို့အတွက် ဘာများလမ်းညွှန်ချင်ပါသလဲ။**

ဖြေ- လူငယ်တွေကို ပြောချင်တာက စာကို အချိန်ပေးပြီးဖတ်စေချင်ပါတယ်။ စာဖတ်ဖို့ အချိန်ပေးနိုင်ရင် စာထဲမှာ အသိအမြင် ဗဟုသုတတွေ ရနိုင်မှာဖြစ်တဲ့အတွက် စာကိုဖတ်ကြပါလို့ ပြောချင်ပါတယ်။စာဆိုတာ ဖတ်ရင်းနဲ့ ရွေးချယ်တတ်လာမှာ။ သုတစာပေကိုဖတ်ရင် ဦးနှောက်ဖွံ့ဖြိုးမယ်၊ အသိဉာဏ်တိုးမယ်၊ ရသစာပေကိုဖတ်ရင် စိတ်ကိုအရည်အသွေးကောင်းတွေဖြစ်စေတယ်။ စိတ်ကိုနူးညံ့စေတယ်။ ဒါကြောင့် သုတ ၊ ရသ စာပေတွေကို ဟန်ချက်ညီညီ မျှမျှတတဖတ်ကြပါလို့ တိုက်တွန်းလိုပါတယ်"

စာရေးဆရာကြီး မောင်ခင်မင်(ဓနုဖြူ)သည် ၁၉၈၉ ခုနှစ်တွင် မြန်မာစကား မြန်မာစာ ရုပ်ပုံလွှာစာအုပ်ဖြင့် စာပေဗိမာန်စာမူဆု သုတပဒေသာဝိဇ္ဇာဆု ပထမဆု၊ ၂၀၀၂ ခုနှစ်တွင် နှစ်လေးဆယ်ကျော်ဘဝမှတ်တိုင်များ စာအုပ်ဖြင့် အမျိုးသားစာပေဆု၊ စာပဒေသာဆု၊ ၂၀၀၉ ခုနှစ်တွင် ဘာသာအမွေစာပေအမွေ စာအုပ်ဖြင့် အမျိုးသားစာပေဆု၊စာပဒေသာဆုနှင့် အိုဆာကာဧည့်သည်စာအုပ်ဖြင့်သုတစွယ်စုံစာပေဆု၊ ၂၀၁၀ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ၂၀၁၂ ခုနှစ်တွင် ဆရာဝန်တင်ရွှေတစ်သက်တာစာပေဆု၊၂၀၁၃ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုနှင့်အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ(လူငယ်နှင့်ပညာဆိုင်ရာစာစု) အမျိုးသားစာပေဆုတို့ကို ရရှိခဲ့သည်။



**ဆရာကြီးဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)**

## ဆရာကြီး စည်သူ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)

**မေး- တစ်သက်တာစာပေဆုရရှိတဲ့အပေါ် ဆရာကြီးရင်ထဲက ခံစားချက်လေးပြောပြပေးပါ။**

ဖြေ-"တစ်သက်တာစာပေဆုကို ရှေ့မှာရသွားတဲ့စာရေးဆရာကြီးတွေအများကြီးရှိပါတယ်။ ကြည်ညိုလေးစားရတဲ့၊ ချစ်ခင်လေးစားရတဲ့ ဆရာကြီးတွေ ရသွားကြတယ်။ သူတို့ကိုကြည့်ပြီး အားကျတယ်။အခုလို ကိုယ်ရတဲ့အခါကျတော့ ဝမ်းသာတာပေါ့။ အများကြီးလည်းဂုဏ်ယူတယ်။တစ်သက်တာစာပေဆုဆိုတာ တစ်သက်လုံးစာရေးလာတဲ့အပေါ်မှာ စာပေတာဝန်ထမ်းဆောင်တဲ့အပေါ်မှာ အခုလို နိုင်ငံတော်က အသိအမှတ်ပြုပြီးပေးတဲ့အတွက် စာရေးဆရာတွေက တစ်သက်တာစာပေဆုကို တန်ဖိုးထားကြတယ်၊ လေးလေးစားစားရှိကြတယ်။ ဒီဆုကိုရလို့ ဆရာ့အနေနဲ့ ဝမ်းသာဂုဏ်ယူပါတယ်"။

**မေး- မြန်မာစာပေဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆရာလုပ်ဆောင်နေတာတွေကို သိပါရစေ။**

ဖြေ-"မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး အဓိကကတော့ စာပေကိုချစ်မြတ်နိုးသူတိုင်း၊ စာရေးဆရာတိုင်းမှာ တာဝန်ရှိပါတယ်။ဆရာက စာရေးဆရာအသင်းမှာ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူထားတော့ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တာဝန်တွေ အများကြီးယူရပါတယ်။ ကိုယ်တိုင်လည်း စာရေးရင်းနဲ့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ၊ စာဖတ်ရှိန်မြှင့်တင်ရေးတွေမှာလည်း ပါဝင်ဆောင်ရွက်နေပါတယ်၊ကြိုးစားပြီးလုပ်ဆောင်နေပါတယ်။ကျွန်တော်တို့ စာရေးဆရာအသင်းကနှစ်စဉ် စာရေးနည်းသင်တန်းတွေဖွင့်ပြီး မြန်မာစာကို မြန်မာလိုပီပီသသရေးနိုင်ဖို့ သေသေချာချာသင်ကြားပေးနေပါတယ်။သုတရေးသားနည်း၊ရသ၊ ကဗျာ ရေးသားနည်း၊ဝတ္ထုရေးသားနည်းတွေပါပါတယ်။စာရေးနည်းလမ်းညွှန်စာအုပ်အနေနဲ့ ကလောင်သွေး၍ စာရေးလိုလျှင် စာအုပ်မှာ မြန်မာစာနဲ့ ပတ်သက်တဲ့ရေးထုံးတွေ၊သဒ္ဒါကအစ၊ စကားပြေရေးနည်း၊ စကားပြောရေးနည်းစသည်ဖြင့်ပါပါတယ်။စာပေကို လေးလေးစားစားနဲ့ ကိုယ်ကလည်း တန်ဖိုးထားသလို သူများတွေကလည်း တန်ဖိုးထားလာအောင် စာရေးဆရာတွေ ကြိုးစားရမှာပါ။



**ဆရာကြီး စည်သူ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)**

**မေး- လူငယ်မျိုးဆက်သစ် စာရေးဆရာတွေကို ဘာများပြောချင်ပါသေးသလဲရှင့်။**

ဖြေ-စာပေမျိုးဆက်သစ်တွေကို ပြောချင်တာက စာရေးပါ၊ ကိုယ့်ပြည်တွင်းက ရေးတဲ့စာတွေကိုလည်း ဖတ်ပါ။ ပြည်ပက ဘာသာပြန်စာပေတွေကိုလည်းဖတ်ပါ။ဝမ်းစာပြည့်တဲ့ စာရေးဆရာ တစ်ယောက်ဖြစ်အောင် စာတွေအများကြီး ဖတ်ဖို့လိုပါတယ်။

စိတ်ကောင်းနှလုံးကောင်းလည်း ထားပါ။ စာရေးသူက ကိုယ့်စာကို စိတ်ကောင်းလေးနဲ့ရေးရင် စာကောင်းတွေ ဖြစ်လာမှာပါ။ စာကောင်းတစ်ပုဒ်က လူတစ်ယောက်ကို အများကြီး ပြောင်းလဲသွားစေနိုင်ပါတယ်။

**မေး- ရသစာပေနဲ့ ပတ်သက်ပြီး ဆရာဖြစ်ချင်တဲ့ ဆန္ဒရှိရင် ပြောပြပေးပါ။**

ဖြေ- ဟိုတုန်းက သတင်းစာတွေမှာ အထူးထုတ် စာမျက်နှာတွေမှာ ရသစာပေတွေထည့်လေ့ရှိတယ်။ ဆရာက ၁၉၆၂ တုန်းက မြန်မာ့အလင်းမှာ ပထမဆုံးဖော်ပြခံရတာက နောင်တဆိုတဲ့စာလေးပါ။သုံးလလောက်နေမှ ပါတာပါ။ ပါလာတော့ပျော်တယ်။ အခုဂျာနယ်တွေ၊ သတင်းစာတွေမှာ ရသစာပေထည့်ပေးရင် ကောင်းတာပေါ့။ ဆရာတောင် မြန်မာ့အလင်းသတင်းစာ အထူးထုတ်ကနေ ဒီလောကထဲကို ရောက်လာခဲ့တာပါ၊ စာရေးသက်ကတော့ ၅၂ နှစ်ရှိပါပြီ။

ဆရာ လယ်တွင်းသားစောချစ်သည် ၁၉၆၂ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတွင် နောင်တအမည်ရှိ ဝတ္ထုတိုဖြင့် စာပေလောကထဲသို့ ဝင်ရောက်ခဲ့ပြီး ၁၉၉၇ခုနှစ် တစ်လုံးနှစ်လုံးပုလဲကုံးစာမူဖြင့် စာပေဗိမာန်ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆု၊ ၁၉၇၈ ခုနှစ်တွင် ပန်းမြိုင်လယ်က ဥယျာဉ်မှူးစာအုပ်ဖြင့် စာပေဗိမာန်စာပဒေသာ ပထမဆု၊ ၁၉၈၀ တွင် ပန်းမြိုင်လယ်က ဥယျာဉ်မှူးစာအုပ်ဖြင့် နောက်တစ်ကြိမ် အမျိုးသားစာပေဆု၊ ၁၉၈၉ ခုနှစ်တွင် ပန်းလိုချင် အပင်ကို ပျိုးတတ်မှ စာအုပ်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့ကာ ၂၀၀၈ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်ဆုဒုတိယအဆင့်နှင့် ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်မှ စည်သူဘွဲ့ချီးမြှင့်ခြင်းခံရကာ ယခုအချိန်ထိ ဝတ္ထုတိုပေါင်းချုပ် ရသစာပေနှင့် လုံးချင်းဝတ္ထုစာအုပ် စုစုပေါင်း ၉၁ အုပ်ရေးသားထုတ်ဝေပြီးဖြစ်ကြောင်းသိရသည်။



**ဆရာကြီး ဦးမြင့်ကြည် (တက္ကသိုလ် မြတ်စိုး)**

## ဆရာကြီးဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး)

**မေး- ယနေ့မြန်မာစာပေနဲ့ ပတ်သက်ပြီး ဆရာ့အမြင်ကို သိပါရစေရှင့်။**

ဖြေ-စာပေနဲ့ပတ်သက်ပြီး ခေတ်အလျောက် အကြိုက်ကလေးတွေတော့ ပြောင်းတာပေါ့။ ဒါကလည်းသဘာဝကျပါတယ်။

ဘာပဲဖြစ်ဖြစ် ကိုယ်ကြိုက်တဲ့စာပေကို လိုက်ပြီးဖတ်ရင်း အသိဉာဏ်ဗဟုသုတရတာပါပဲ။ စာဖတ်သက် ရင့်လာတဲ့ အခါကျတော့ ပေါ့ပေါ့တန်တန်စာတွေကို သိပ်မကြိုက်တော့ဘူး။ အသက်ကြီးလာလေ အတွေးအခေါ်ပါတဲ့ စာပေကိုကြိုက်လာတာပေါ့။

**မေး- စာရေးဆရာတွေနဲ့ စာဖတ်တဲ့ ပရိသတ်တွေကို ဆရာ့အနေနဲ့ ဘာများ ပြောချင်ပါသလဲ။**

ဖြေ- စာပေဆိုတာလူမျိုးရဲ့ပြဒါးတိုင်ပဲ။ စာပေမြင့်ရင် လူမျိုးမြင့်တယ်။ လူမျိုးမြင့်ရင်လည်း စာပေအဆင့်အတန်းမြင့်တယ်။ စာပေအဆင့်အတန်းမြင့်တယ်ဆိုတာ စာချစ်သူတွေရဲ့ လက်ထဲမှာရှိတယ်။ပြည်သူတွေက စာပေကို မပစ်ပယ်မှ စာပေက ထွန်းကားပြန့်ပွားမယ်။ ပြည်သူတွေက မပစ်ပယ်ရအောင် စာရေးတဲ့သူတွေကလည်း တန်ဖိုးရှိတဲ့ စာတွေနဲ့ လမ်းညွှန်ပြဖို့ လိုတာပေါ့။

တကယ့်စာပေအစစ်က ရသစာပေပေါ့။ ရသစာပေကို ဖန်တီးရင်းနဲ့ရသထဲက ရတဲ့အသိနဲ့ ပြည်သူကို အသိဉာဏ်ပေးဖို့လိုတယ်။ သုတစာပေကိုလည်း များများဖတ်ဖို့လိုတယ်။စာမျိုးစုံဖတ်ပြီး အသိကြွယ်တဲ့သူ၊ ဗဟုသုတရှိတဲ့သူဟာ ရသစာပေကို ပိုပြီးခံစားနိုင်ပါတယ်။ဒါကြောင့် အသက်အရွယ်မရွေးစာဖတ်ကြဖို့ စာဖတ်ရင်းကနေ စာဖတ်တဲ့ အကျင့်ရသွားလို့ရှိရင် ကျန်တဲ့အပိုင်းက စာကနေ ဆွဲခေါ်သွားလိမ့်မယ်။တန်ဖိုးရှိတဲ့စာကို တန်ဖိုးထားတဲ့သူဖတ်ရင် ရေးရကျိုးနပ်ပါတယ်။

ဆရာဦးမြင့်ကြည်(တက္ကသိုလ် မြတ်စိုး)သည် ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ နည်းပြအဖြစ် ဝင်ရောက်ခဲ့ပြီး တက္ကသိုလ်မြတ်စိုးအမည်ဖြင့် သီချင်းများပင်တိုင်ရေးသားခဲ့ကာ တက္ကသိုလ်မရောက်မီ စစ်ပြီးခေတ်တွင် ဂျာနယ်စာစောင်များတွင် မောင်သာယာ အမည်ဖြင့် ဆောင်းပါးကဗျာများ ရေးသားခဲ့ပြီး တက္ကသိုလ်ရောက်ပြီးနောက် တက္ကသိုလ်မြတ်စိုးအမည်ဖြင့်လည်းကောင်း၊ အမည်ရင်းဖြင့်လည်းကောင်း၊ ဂီတစာပေ၊ယဉ်ကျေးမှုဆိုင်ရာဆောင်းပါးများနှင့် ဝတ္ထု၊ရသစာတမ်းငယ်၊ ကဗျာများကို ရေးသားခဲ့သည်။ ၂၀၀၂ခုနှစ်တွင် မြန်မာတေးဂီတ မနုစာပေသမိုင်းကြမ်းဖြင့် အမျိုးသားစာပေဆု၊ ၂၀၀၄ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်ဆု ဒုတိယဆုချီးမြှင့်ခြင်းခံရသည်။ ယနေ့အချိန်ထိ မြန်မာစာအဖွဲ့ အဖွဲ့ဝင်အဖြစ်တာဝန်ထမ်းဆောင်လျက်ရှိပြီးစာပေနှင့် ယဉ်ကျေးမှုကိစ္စများ ဆောင်ရွက်လျက်ရှိသည်။

# ပြည်တွင်းရေးရာ

## (၂၅)ကြိမ်မြောက်မှ

၁၉၆၇ ခုနှစ် ဩဂုတ် ၈ ရက်တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့က အာဆီယံကြေညာချက် (ဗန်ကောက်ကြေညာချက်)ကို လက်မှတ်ရေးထိုး၍ အာဆီယံအဖွဲ့ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

"အာဆီယံအဖွဲ့၏ရည်မှန်းချက်များ၊ မူဝါဒများနှင့် လုပ်ငန်းရည်ရွယ်ချက်များကို လက်ခံသူအရှေ့တောင်အာရှဒေသအတွင်းရှိ မည်သည့်နိုင်ငံမဆို ပါဝင်ခွင့်ပြုသည်"ဟူသည့် အာဆီယံကြေညာချက်နှင့်အညီ ဘရူနိုင်းဒါရူဆလမ်နိုင်ငံက ၁၉၈၄ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက ၁၉၉၅ ခုနှစ် ဇူလိုင် ၂၈ ရက်တွင်လည်းကောင်း၊ လာအိုနှင့် မြန်မာနိုင်ငံတို့က ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံက ၁၉၉၉ ခုနှစ် ဧပြီ ၃၀ ရက်တွင်လည်းကောင်း အဖွဲ့ဝင်အဖြစ် အသီးသီးဝင်ရောက်ခဲ့ကြ၍ ယခုဆိုမူ ဒေသတွင်း၌ တစ်ခုတည်းသော အာဆီယံအဖြစ် ထည်ဝါစွာ ရပ်တည်လျက်ရှိပေသည်။

သို့နှင့်တိုင် အာဆီယံစတင်ဖွဲ့စည်းစဉ်က ကမ္ဘာနှင့်မြန်မာ၏ ခေတ်စနစ်အခြေအနေအရ မြန်မာနိုင်ငံသည် ကနဦးစတင်ဝင်ရောက်ခဲ့ခြင်းမရှိဘဲ နှစ်ပေါင်း ၃၀ အကြာ ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်မှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ရသော်လည်း ဒေသတွင်း တစ်ခုတည်းသောနိုင်ငံ အာဆီယံအဖြစ်ပေါ်ပေါက်လာစေမည့် အတွေးအမြင်တစ်ရပ်ကိုမူ မြန်မာကစတင်ခဲ့ပေသည်။

ကိုလိုနီနယ်ချဲ့လက်အောက်မှ ဒေသတွင်းနိုင်ငံများ လွတ်မြောက်ပြီး ကိုယ်စီကိုယ်စီလွတ်လပ်ရေးရရှိခဲ့ပြီးပါက သီးခြားစီ ရပ်တည်မနေသင့်ဘဲ "အရှေ့တောင်အာရှပြည်ထောင်စု" အဖြစ်ဖွဲ့စည်းရန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာပင် ဖဆပလဥက္ကဋ္ဌတစ်ဦးအနေဖြင့် မိန့်ခွန်း ပြောကြားခဲ့ဖူးသည်။

အာဆီယံအဖွဲ့ကို ၁၉၆၇ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်၍ အရှေ့တောင်အာရှပြည်ထောင်စု(သို့)ဒေသတွင်း တစ်ခုတည်းသော အာဆီယံအတွေးအမြင်တစ်ရပ်ကို ဗိုလ်ချုပ်က နှစ်ပေါင်း ၂၀ ဝန်းကျင်စော၍ ဖဆပလအဖွဲ့ကြီးနှင့် မြန်မာပြည်သူများကို ချပြဟောပြောခဲ့ခြင်းဖြစ်ရာ အာဆီယံအစ မြန်မာကဟုဆိုရပါလိမ့်မည်။

ပစ္စက္ခတွင်မူ မြန်မာသည် မူလဘူတသမိုင်းပေးတာဝန်အရ အာဆီယံအဖွဲ့ကြီးအတွင်းသို့ ၁၉၉၇ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး ၁၇ နှစ်အတွင်း၌ ပထမဦးဆုံးအကြိမ် ဥက္ကဋ္ဌတာဝန်ကို ရယူခဲ့ကာ ပြီးခဲ့သည့်လများအတွင်းက (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ၊ (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အခြားသော ဝန်ကြီးဌာနအသီးသီး၏ အစည်းအဝေးများကို စနစ်တကျစီမံခန့်ခွဲပြီး အောင်အောင်မြင်မြင် ကျင်းပပေးနိုင်ခဲ့သည့်အတွက် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ကျေနပ်နှစ်သက်မှု၊ ချီးကျူးမှုတို့ကို ရရှိခဲ့ပေသည်။

ယခုတစ်ဖန် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆွေးနွေးဖက်ဆက်စပ်အစည်းအဝေးများ၊ အရှေ့အာရှထိပ်သီးအစည်းအဝေးများကို မကြာမီကျင်းပတော့မည်ဖြစ်ရာ ဆိုခဲ့ပါအစည်းအဝေးကြီးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အောက်တိုဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ၌ ကျင်းပခဲ့သည့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ ၂၀၁၄ ခုနှစ်(နှစ်ဝက်)ဒုတိယအကြိမ် အစည်းအဝေးတွင် "အာဆီယံဥက္ကဋ္ဌ တာဝန်နှင့်ပတ်သက်၍ အိမ်ရှင်ဖြစ်သည့် မိမိတို့အနေဖြင့် လုပ်ကိုင်နိုင်စွမ်းရှိမှုကို



**ဦးလှမောင်ရွှေ**
**(အမျိုးသားလူမှုစီးပွား အကြံပေးကောင်စီအဖွဲ့ဝင်)**

ပြသနိုင်ရန် လိုအပ်ပါကြောင်း၊ အောင်မြင်စွာထမ်းဆောင်နိုင်ခြင်းသည် နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်ရာရောက်ပါကြောင်း၊ သို့ဖြစ်၍ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း"ဖြင့် လမ်းညွှန်မှာကြားခဲ့ပေသည်။

သို့မို့ကြောင့် မြန်မာပြည်သူများအနေဖြင့်လည်း မြန်မာတို့၏ စွမ်းဆောင်ရည်နှင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်ရာရောက်စေရန် သမိုင်းပေးတာဝန်အရ တတ်အားသရွေ့ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပေမည်။

သို့ဖြင့် နေပြည်တော်၌ မကြာမီ ဝှဲချီးခမ်းနားစွာ ကျင်းပတော့မည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်အရှေ့အာရှထိပ်သီးအစည်းအဝေးကြီးနှင့်စပ်လျဉ်း၍ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်အချို့၏ သဘောထားအမြင်တို့ကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဦးလှမောင်ရွှေ**
**(အမျိုးသားလူမှုစီးပွား အကြံပေးကောင်စီအဖွဲ့ဝင်)**

ကျွန်တော်တို့နိုင်ငံက အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့တာကြာပြီ။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံက အာဆီယံဥက္ကဋ္ဌ အခွင့်အရေးကို နှစ်ပေါင်းများစွာအတွင်း အခုအချိန်မှ ရခဲ့တာ၊ အသွင်ကူးပြောင်းတဲ့ ကာလမှာ အင်မတန် ဂုဏ်ယူဖို့ကောင်းတဲ့ကိစ္စရပ်ပါပဲ။ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ အလုပ်ပေါ့။ ကျွန်တော့်အမြင်ပြောရရင် အခုလိုကျင်းပနိုင်တာကို နိုင်ငံသားတစ်ယောက်အနေနဲ့ ဂုဏ်ယူပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဒီလိုပွဲတွေကို အာဆီယံနိုင်ငံများနဲ့တန်းတူ ဆောင်ရွက်နိုင်တယ်ဆိုပြီး ပြနိုင်တဲ့အခွင့်အရေးလည်းဖြစ်တယ်။ ဒါကြောင့် နိုင်ငံသားတွေအားလုံးက အမျိုးသားရေးကိစ္စတစ်ခုအနေနဲ့စဉ်းစားပြီး ပူးပေါင်းဆောင်ရွက်ကြရင်း အာဆီယံမှာ မြန်မာသည် နိုင်ငံသားတွေအားလုံးဂုဏ်ယူနိုင်တဲ့ နိုင်ငံဆိုတာကို ပြဖို့တိုက်တွန်းလိုပါတယ်။ အာဆီယံဆန်းမစ်ဟာ အမေရိကန်သမ္မတ အိုဘားမားစတဲ့ နိုင်ငံကြီးပေါင်းများစွာက ကျွန်တော်တို့ နိုင်ငံမှာ တက်ရောက်နိုင်တဲ့ သမိုင်းမျိုးကိုလည်း ဆောင်ရွက်နိုင်ပြီဖြစ်တယ်။ ဒါကို ကျွန်တော်တို့အားလုံး ဂုဏ်ယူရမယ်။ ဝိုင်းဝန်းကြိုးပမ်းကြဖို့ တိုက်တွန်းလိုပါတယ်။

**ဦးကိုကို**
**(မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ)**

ကျွန်တော်တို့နိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ကိုမလုပ်ခဲ့တာ (၁၇)နှစ်လောက်ရှိပြီ။ လုပ်ဖို့ရှိသော်လည်း နိုင်ငံရေး အခြေအနေကြောင့် မြန်မာနိုင်ငံက ကိုယ်တိုင်ရွှေ့ပေးခဲ့ရတယ်။ အခု ၂၀၁၄ မှာ မြန်မာနိုင်ငံအာဆီယံဥက္ကဋ္ဌ ဖြစ်တယ်။ ဥက္ကဋ္ဌ မလုပ်ခင်မှာ အမျိုးမျိုးသော ဝေဖန်မှုတွေ ပေါ်လာတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆောင်ရွက်နိုင်တဲ့ အရည်အချင်းမှရှိပါ့မလား။ လုပ်နိုင်ကိုင်နိုင်ပါ့မလားဆိုပြီး ဝေဖန်မှုတွေနဲ့ အချို့စိုးရိမ်မှုတွေရှိနေတယ်။ ဒါပေမယ့် တကယ်ဆောင်ရွက်တဲ့အခါမှာ ပြန်ပြီးပြောရရင် စတင်ဆောင်ရွက်တဲ့အချိန်မှာ အခက်အခဲအနည်းငယ်ရှိတယ်။ သို့သော် ပြီးခဲ့တဲ့ နောက်ဆုံးအကြိမ် ဆန်းမစ်အစည်းအဝေးမှာ တော်တော်လေးအောင်မြင်တယ်။ နိုင်ငံတကာ မီဒီယာက အရေးအသားတွေနဲ့ ပြည်တွင်းမီဒီယာတွေက တုံ့ပြန်ချက်တွေကို ပြန်ကြည့်ရင် မြန်မာက အာဆီယံဥက္ကဋ္ဌတာဝန်ကို ကောင်းကောင်းမွန်မွန် ထမ်းဆောင်နိုင်တယ်ဆိုပြီး သုံးသပ်တာကိုတွေ့ရတယ်။ ပြီးခဲ့တဲ့ တစ်လလောက်က ကျွန်တော့်ဆီက သတင်းသမားက မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနဲ့ တွေ့တဲ့အခါမှာ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌ ကိုင်တွယ်တဲ့အပေါ်မှာ သံအမတ်ကြီးရဲ့ အမြင်ကိုမေးတဲ့အခါမှာ ချီးကျူး ပြောဆိုတယ်။ မြန်မာနိုင်ငံဟာတာဝန်ကို ကောင်းကောင်းထမ်းဆောင်နိုင်တယ်လို့ပြောတယ်။ ဆိုလိုချင်တာက အာဆီယံ ဥက္ကဋ္ဌတာဝန်ကို အချို့သောနိုင်ငံများထက် ကောင်းကောင်းမွန်မွန်လုပ်နိုင်တယ်လို့ ပြောဆိုတာရှိတယ်။

အခု နိုဝင်ဘာလမှာ လုပ်မယ့် (၂၅)ကြိမ်မြောက် အာဆီယံအစည်းအဝေးနဲ့ အရှေ့အာရှအစည်းအဝေးတွေကို သမ္မတကြီးကိုယ်တိုင် ၂၉ ရက်က အသေးစိတ်လိုက်လံကြည့်ရှုနေတာတွေ့ပါတယ်။ အခုအစည်းအဝေးကလည်း အောင်မြင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ပြီးခဲ့တဲ့ အတွေ့အကြုံတွေနဲ့ပေါင်းစပ်ပြီး အကောင်းဆုံးဖြစ်အောင်လုပ်သွားနိုင်မယ်လို့ ထင်တယ်။ မြန်မာနိုင်ငံရဲ့ အာဆီယံဆန်းမစ်မှာ တချို့ပြောဆိုချီးကျူးခဲ့တာတစ်ချက်က ပြီးခဲ့တဲ့ အာဆီယံဆန်းမစ်မှာ ပြောဖို့ဆိုဖို့ လက်တွန့်ခဲ့ကြတဲ့ ဆွေးနွေးရန်ခက်ခဲတဲ့ တောင်တရုတ်ပင်လယ်အရေး ကိစ္စကိုမြန်မာနိုင်ငံက အစပျိုးနိုင်ခဲ့တယ်။ တရားဝင်ကို စားပွဲဝိုင်းပေါ်မှာ ဆွေးနွေးနိုင်တဲ့အနေအထားကို ရောက်လာတယ်။ ဒါကလည်း မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌဖြစ်တဲ့အချိန်မှာ စိတ်ဝင်စားတယ်။ မြန်မာနိုင်ငံက တရုတ်နိုင်ငံနဲ့ နီးစပ်တဲ့နိုင်ငံဖြစ်တာကြောင့် မြန်မာက ဒီကိစ္စကို လက်ရှောင်မလားဆိုတာကို မြန်မာက ရဲရဲဝံ့ဝံ့ဆောင်ရွက်ပြတာကြောင့် ယေဘုယျအားဖြင့် သုံးသပ်မယ်ဆိုရင် မြန်မာက အာဆီယံဥက္ကဋ္ဌတာဝန်ကို နိုင်ငံတကာရော အိမ်နီးချင်းနိုင်ငံတွေက မျှော်မှန်းထားတာထက် ပိုပြီးလုပ်ပြနိုင်တာလို့မြင်ပါတယ်။



**ဦးကိုကို**
**မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ**

ဆက်လက်ဖော်ပြပါမည် » »

# ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရ မြန်မာ ယူ-၁၉ အသင်း ရန်ကုန်မြို့တွင်း လှည့်လည်အောင်ပွဲခံ

ရန်ကုန် နိုဝင်ဘာ ၁

**မြန်မာ့ဘောလုံးသည် တစ်ခေတ်တစ်ခါက ရွှေခေတ်သို့ ရောက်ရှိခဲ့သည်။ အာရှအဆင့်၊ အာဆီယံအဆင့် ပြိုင်ပွဲများတွင် ချန်ပီယံဆုများစွာဖြင့် အောင်ပွဲအလီလီရရှိခဲ့ဖူးသည်။ ၁၉၇၅ ခုနှစ်နောက်ပိုင်းတွင် မြန်မာ့ဘောလုံးမှာ နိမ့်တစ်ခါ၊ မြင့်တစ်လှည့် ဖြစ်နေခဲ့ရာမှ ယခု ၂၀၁၄ ခုနှစ်တွင် မြန်မာဘောလုံးပရိသတ်ကြီး မျှော်လင့်နေမှုကို မြန်မာယူ-၁၉ အသင်းက အရယူပေးနိုင်ခဲ့သည်။**

မြန်မာ့ဘောလုံးသမိုင်းတွင် ပထမဆုံးဖြစ်သည့် ကမ္ဘာ့ဖလားဝင်ခွင့်ကို မြန်မာယူ-၁၉ အသင်းက ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ယခင်က အမြင့်ဆုံးအဖြစ် ၁၉၇၂ မြူးနစ်အိုလံပစ်ပြိုင်ပွဲကိုသာ ယှဉ်ပြိုင်ဖူးသည့် မြန်မာဘောလုံးအသင်းများမှာ ယခုတွင်မူ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာ့ဘောလုံးကို ကမ္ဘာ့အဆင့်သို့ ပို့ဆောင်ပေးခဲ့သည်။

မြန်မာယူ-၁၉အသင်းသည်ပရိသတ်မေတ္တာကိုထပ်မံခံယူရန် ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့တွင်း၌ လှည့်လည်အောင်ပွဲခံခဲ့သည်။

ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရမြန်မာယူ-၁၉ အသင်းသည် အထူးစီမံထားသော မော်တော်ယာဉ်နှစ်စီးဖြင့် သုဝဏ္ဏဘောလုံးကွင်းရှေ့ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ စတင်ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့တွင်းရှိ မြို့နယ်အသီးသီးကို ဖြတ်သန်းအောင်ပွဲခံခဲ့ကြသည်။ အောင်ပွဲရ မြန်မာယူ-၁၉ အသင်းယာဉ်တန်းသည် ဝေဇယန္တာလမ်းမှ သစ္စာလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ မြောက်ဥက္ကလာ၊ ခရေပင်လမ်းခွဲမှ တညင်းကုန်း၊ အောင်ဆန်း၊ အင်းစိန်လမ်းမအတိုင်း လှည်းတန်းနှင့် မြေနီကုန်းတို့ကိုဖြတ်ကာ ပြည်လမ်းအတိုင်း၊ ဘုန်းကြီးလမ်း၊ မဟာဗန္ဓုလလမ်းအတိုင်း၊ မြို့တော်ခန်းမရှေ့မှ သိမ်ဖြူလမ်း၊ ဗညားဒလလမ်း၊ တာမွေမှ လေးထောင့်ကန်လမ်း၊ ဘောလုံးအဖွဲ့ချုပ်အထိ လှည့်လည်အောင်ပွဲခံကြသည်။ မြန်မာယူ-၁၉အသင်းမှာ နေပူပူအောက်တွင် ပရိသတ်များကို နှုတ်ဆက်ခဲ့သလို မြန်မာဘောလုံးပရိသတ်များကလည်း မအားလပ်သည့်ကြားမှပင် ကြိုဆိုခဲ့ကြသည်။

အာရှယူ-၁၉ ပြိုင်ပွဲကို အောက်တိုဘာ ၉ ရက်မှ ၂၃ ရက်အထိ ရန်ကုန်နှင့်နေပြည်တော်တို့တွင် ကျင်းပခဲ့ပြီး မြန်မာ ယူ-၁၉ အသင်းမှာ ဆီမီးဖိုင်နယ်အဆင့်ရောက်ရှိပြီး သမိုင်းဝင်အောင်ပွဲကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၁၉ အသင်းမှာ အုပ်စုတွင်း ပွဲစဉ်များတွင် ယီမင်အသင်းနှင့် ဂိုးမရှိသရေ၊ ထိုင်းအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိကာ နောက်ဆုံးပွဲတွင် အီရန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းမှာ ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ကွာတားတွင် ယူအေအီးအသင်းနှင့် ရင်ဆိုင်ခဲ့ရပြီး သန်းပိုင်၏တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရကာ ကမ္ဘာ့ဖလားဝင်ခွင့်ရမည့် သမိုင်းဝင်နိုင်ပွဲကို ရယူနိုင်ခဲ့သည်။

မြန်မာအသင်းမှာ ဆီမီးတွင် ကာတာအသင်းကို အချိန်ပို၌ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း မြန်မာကစားသမားများ၏ ကြိုးစားမှု၊ စိတ်ဓာတ်တို့ကိုမြန်မာဘောလုံးပရိသတ်များကလက်ခံခဲ့ကြသည်။ မြန်မာယူ-၁၉ အသင်း၏ စွမ်းဆောင်မှုမှာ အင်မတန်ပင်ကြီးမားသော်လည်း မြန်မာဘောလုံးမှာ ရှေ့ဆက်သွားရဦးမည်ဖြစ်သည်။ အာရှအဆင့် ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန်၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲများကို ယှဉ်ပြိုင်ခွင့်ရရှိရန်နှင့် ယခုယှဉ်ပြိုင်ခွင့်ရရှိထားသည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရေးစသည့် ရှေ့ဆက်သွားရန် အများကြီးရှိနေပေသည်။ ယခု အောင်မြင်မှု၌ ယစ်မူးမနေဘဲ ဆက်လက်အောင်မြင်ရန် မြန်မာတစ်မျိုးသားလုံး၏ နှလုံးသည်းပွတ်ထဲက အလိုရှိနေပေသည်။




**အမျိုးသမီး အကြိုဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်စဉ်။**

## ●ကျောဖုံးမှ

အမျိုးသားနောက်ဆုံးဗိုလ်လုပွဲတွင် မလေးရှားနှင့်ထိုင်း၊ အမျိုးသမီးနောက်ဆုံးဗိုလ်လုပွဲတွင် ဗီယက်နမ်နှင့်ထိုင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာအမျိုးသား၊ အမျိုးသမီးအသင်းတို့မှာ တတိယနေရာလုပွဲ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အမျိုးသားအကြိုဗိုလ်လုပွဲတွင် မြန်မာအသင်းမှာ အကောင်းဆုံးမကစားနိုင်ခဲ့ဘဲ မလေးရှားအသင်းကို နှစ်ပွဲပြတ်ရှုံးနိမ့်ခဲ့ပြီး အမျိုးသမီးအကြိုဗိုလ်လုပွဲတွင် မြန်မာအသင်းမှာ ပထမပွဲငယ်နှစ်ပွဲတွင် သူတင်ကိုယ်တင်ယှဉ်ပြိုင်နိုင်ခဲ့သော်လည်း နောက်ဆုံးအဆုံးအဖြတ်ပွဲတွင် အမှားအယွင်းများစွာဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဗီယက်နမ်အသင်းက နည်းဗျူဟာပိုင်းသာလွန်၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးဗိုလ်လုပွဲများကို နိုဝင်ဘာ ၂ ရက် နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ ကိုကိုစိုးညွှန့်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# တောင်ကြီးတွင် မီးပုံးပျံပျက်ကျ

**တောင်ကြီး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာ မီးပုံးပျံကွင်းတွင် နိုဝင်ဘာ ၁ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က တောင်ကြီးမြို့ ဦးကြီးခမ်းရပ်ကွက်မှ အဖွဲ့ခေါင်းဆောင် ခွန်လှမောင် ဦးစီးသည့် "ခွန်တန်"ညမီးကြီးမီးပုံးပျံ တန်ဖိုးငွေကျပ်သိန်း ၃၀၊ အောက်ဆွဲယမ်း ၃၅ ပိဿာအားလွှတ်တင်စဉ် အမြင့်ပေ ၂၀၀ ခန့်အရောက် မီးပုံးပျံကွင်းအတွင်းသို့ မီးလောင်ပျက်ကျခဲ့ရာ ၁၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသူ ၁၄ ဦးအနက် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည့် လူနာ ၁၁ ဦးမှ စိုးရိမ်ရသူ တောင်ကြီးမြို့ ရတနာသီရိရပ်ကွက်နေ ဦးခွန်လှစိန် (၃၇)နှစ်၊ တောင်ကြီးမြို့ ကံသာ ရပ်ကွက်နေ မခင်မြတ်သူ (၁၁)နှစ်၊ မောင်အောင်ကိုလတ် (၁၉) နှစ်၊ တောင်ကြီးမြို့ ကံသာရပ်ကွက်နေ ဒေါ်ထူးထူးနွယ်(၄၉)နှစ်တို့ကို တစ်ဦးလျှင်ငွေကျပ် နှစ်သိန်းနှုန်းနှင့် မစိုးရိမ်ရဒဏ်ရာရရှိသူ ခြောက်ဦးတို့ကို တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်၊ ပြည်နယ်ကျန်းမာရေးဌာနမှူးနှင့် စဝ်စံထွန်းဆေးရုံအုပ်ကြီးတို့က ထောက်ပံ့ငွေပေးအပ်ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

မီးပုံးပျံပျက်ကျမှုတွင် သေဆုံး/ပျောက်ဆုံးသူတစ်ဦးမှ မရှိကြောင်း စဝ်စံထွန်းဆေးရုံအုပ်ကြီးထံမှ သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ဒုတိယအကြိမ် စုပေါင်းအလှူ

**ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် သီရိပျံချီဦးသိန်းအောင်နှင့်ဇနီးဒေါ်ခင်ဌေးမြင့်တို့ ဦးဆောင်မှုဖြင့် ပုသိမ်ခရိုင် ပုသိမ်မြို့နယ်နှင့်ရပ်ကွက် ကျေးရွာအုပ်စု ဒုတိယအကြိမ်စုပေါင်းအလှူပွဲကို ပုသိမ်မြို့လုံးကျွတ်မျှ ကျင်းပခဲ့ရာ နိုဝင်ဘာ ၁ ရက် နံနက်က အမှတ်(၈)နယ်မြေ မငြိမ်းလှကုန်းရပ်ကွက်ရှိ ဉသဘာဦးဝါယမိန္ဒဘုန်းတော်ကြီး ကျောင်းတိုက်၌ အိုးစည်၊ ဒိုးပတ်သံများဖြင့် ဆင်နွှဲနေသည်ကို တွေ့ရစဉ်။**

**(ပုသိမ်လှကြည်)**

## ပျောက်ဆုံးရေလုပ်သား ၁၇ ဦး၏ မိသားစုဝင်များအား ထောက်ပံ့

**ဖျာပုံ နိုဝင်ဘာ ၁**

ဖျာပုံခရိုင်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ အောက်တိုဘာ ၆ ရက် နံနက် ၁ နာရီ မိနစ် ၄၀ က ပင်လယ်ပြင်တွင် လေပြင်းတိုက်ခတ်ပြီး လှိုင်းလေကြီးသောကြောင့် မျှောပိုက် ငါးဖမ်းရေယာဉ်နစ်မြုပ်ရာမှ ပျောက်ဆုံးသွားခဲ့သော "ရွှေတိုး" မျှောပိုက်ငါးဖမ်းရေယာဉ်ပေါ်တွင်ပါရှိသည့် ရေလုပ်သား ၁၇ ဦး၏ မိသားစုဝင်များအား ထောက်ပံ့သည့် အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်၊ ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးဝင်းကြိုင်၊ ခရိုင်စီမံကိန်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးညဏ်စိုး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲကိုကို၊ မျှောပိုက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်အေးနှင့် ရွှေတိုးရေယာဉ်ပိုင်ရှင် ဦးမောင်ဖြူသံတို့က နစ်မြုပ်ရေယာဉ်ပါ ရေလုပ်သားများ၏ မိသားစုဝင်များအား နှစ်သိမ့်အားပေးစကားများ ပြောကြားခဲ့ကြပြီး ရေလုပ်သား တစ်ဦးလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် မိသားစုဝင်များကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ရန်ကုန်မြို့ မင်းဓမ္မလမ်းပေါ်ကိုယ်ပိုင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၆)ရပ်ကွက်နှင့်အမှတ်(၃)ရပ်ကွက်အကြား မင်းဓမ္မလမ်းမပေါ်၌ အောက်တိုဘာ ၃၀ ရက် ည ၇ နာရီကျော်ခန့်က ယာဉ်တစ်စီးမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ (7D/----) မာစီးဒီးဆလွန်း (Micko Bus) ခဲရောင်ကိုယ်ပိုင်မော်တော်ယာဉ်သည် မင်းဓမ္မလမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာစဉ် မင်းဓမ္မလမ်း မီးပွိုင့်အလွန် အမျိုးသား ပြန်လည်သန်စွမ်းရေးဆေးရုံရှေ့ စိတ္တသုခပျိုးဥယျာဉ်အနီး ယာဉ်စက်ချွတ်ယွင်းမှုကြောင့် ရပ်တန့်သွားကာ ည ၇ နာရီ ၁၅ မိနစ်တွင် မီးစတင်လောင်ကျွမ်းခဲ့သည်။



မီးလောင်စဉ် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွေး၏ ဆက်သွယ်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးစိုးနိုင်နှင့်မီးသတ်တပ်ဖွဲ့ဝင်ငါးဦး၊ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ရောက်ရှိငြိမ်းသတ်ရာ ည ၇ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးမှုပြုလုပ်ရာ၌ ဝါယာရှော့ဖြစ်လောင်ကျွမ်းခဲ့ကြောင်းနှင့် ယာဉ်မောင်းသူ(စုံစမ်းဆဲ)အားဘုရင့်နောင်ရဲတပ်ဖွဲ့စခန်း ဒု-ရဲအုပ် ချမ်းကိုက ပ/၄၉၈/၂၀၁၄၊ ပုဒ်မ ၂၈၅ မီးပေါ့ဆမှုနှင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(၀၁၅)**

## ပုလဲသွယ်စပ်မျိုးစပါးစံပြစိုက်ခင်းကွင်းပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲကျင်းပ

**မြဝတီ နိုဝင်ဘာ ၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မဲကနယ်ကျေးရွာ ကွင်းအမှတ် (၅၅-အေ) တောင်သူဦးနံတစ်၏ လယ်မြေတွင် သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး (GW-1) စံပြစိုက်ကွင်းပြပွဲနှင့်စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၃၀ ရက်က ပြုလုပ်သည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သန်းရီကသိပ္ပံနည်းကျစိုက်နည်းစနစ်(GAP) ဖြင့် စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုးစပါးအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးရာ တောင်သူများက အပြန်အလှန်ဆွေးနွေးမေးမြန်းခဲ့ကြသည်။ ထို့နောက် စပါးတစ်ဧကအထွက်နှုန်းတိကျစွာ သိရှိနိုင်ရေးအတွက် စံကွက်ရိတ်သိမ်းခဲ့ရာ အစိုတင်း(၁၅၃ ဒသမ ၆၅)တင်းနှင့် အခြောက် (၁၃၈ ဒသမ ၂၉)တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ခရိုင်မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ အထောက်အကူပြုကော်မတီဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မဲကနယ်၊ ကွင်းကလေး၊ မဲ့ပလဲ့၊ ဝေ့ရှမ်း၊ ဖလူးနှင့် မင်းလက်ပံကျေးရွာအုပ်စုများမှ တောင်သူ ၅၇ ဦးတက်ရောက်ခဲ့ကြောင်းသိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



# သာမန်လောက်သာဖြစ်သောယာဉ်ကြောပိတ်ဆို့မှုကြောင့် လိုင်းကားများကိုမြေနီကုန်းမှ ရှောင်ကွင်းသွားလာစေမည်မဟုတ်သေးဟုဆို

**ရန်ကုန် နိုဝင်ဘာ ၁**

မြေနီကုန်းခုံးကျော်တံတားစီမံကိန်းနေရာတွင် ယခုဖြစ်နေသောယာဉ်လမ်းကြောအခြေအနေမှာ သာမန်ယာဉ်ကြောပိတ်ဆို့မှုအခြေအနေလောက်သာဖြစ်ခြင်းကြောင့် ခရီးသည်တင်ယာဉ်လိုင်းများကို မြေနီကုန်းမှရှောင်ကွင်းသွားလာစေမှာမဟုတ်ဘဲ မူလအတိုင်းသာ သွားလာခွင့်ပြုပေးနေကြောင်း မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

"အခုမြေနီကုန်းမှာ လမ်းကြောပိတ်တယ်ဆိုပေမယ့် လက်တွေ့ကွင်းဆင်းလေ့လာချက်တွေအရ သာမန်ပိတ်ဆို့တဲ့ ပိတ်ဆို့ချိန်လောက်ပဲဖြစ်နေတာတွေ့ရတယ်။ အလွန်ဆုံး ၁၀ မိနစ်၊ ၁၅ မိနစ်လောက်ထက်မပိုဘူး။ ဒါကလည်း အရင်ကတည်းက အဲ့ဒီလောက်တော့ကြာတတ်တဲ့အခြေအနေဆိုတော့ သာမန်ပိတ်ဆို့မှုကြာချိန်လောက်ပဲဖြစ်ပါတယ်"ဟု ၎င်းကရှင်းပြသည်။

ထိုမြေနီကုန်းခုံးကျော်တံတားစီမံကိန်းမစခင်က တံတားတည်ဆောက်ရန် အလယ်မှအကာအရံများပြုလုပ်ချိန်တွင် လမ်းကြောင်းကျဉ်းမြောင်းသွားသည့်အတွက် မြေနီကုန်းမီးပွိုင့်ကိုဖြတ်ကာ တောင်နှင့်မြောက်သို့ သွားလာသောယာဉ်များအနေဖြင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန် ယာဉ်လိုင်းအချို့ကို ယာယီလမ်းလွှဲမှသွားလာနိုင်ရန် လမ်းကြောင်းပြောင်းမည့်အစီအစဉ်မျိုးရှိသော်လည်း ယခုနောက်ပိုင်းလက်တွေ့လေ့လာကာ ကွင်းဆင်းတွေ့ရှိချက်များအရ သာမန်ပိတ်ဆို့မှုအခြေအနေလောက်သာဖြစ်ခြင်းကြောင့် လမ်းကြောင်းပြောင်းမည့်အစီအစဉ်ကို မလုပ်ဆောင်ဖြစ်တော့ဘဲ ပုံမှန်သွားလာခွင့်ပြုထားခြင်းဖြစ်သည်။

"အခုလိုအခြေအနေကို ယာယီလမ်းလွှဲကနေ သွားလာဖို့ရွှေ့လိုက်ရင် ရွှေ့လိုက်တဲ့ တခြားနေရာတွေမှာ သွားပြီးတော့ ပိုမိုပိတ်ဆို့သွားနိုင်တာတွေလည်းရှိတတ်တယ်"ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ လက်ရှိ မြေနီကုန်းလမ်းဆုံတွင် တောင်နှင့်မြောက်သွားလာသည့်ယာဉ်ကြောမှာ နေ့ခင်းဘက်များတွင်ပင် ယာဉ်ကြောရှင်းလင်းနေသည်ကိုလည်း မကြာခဏမြင်တွေ့နေရခြင်းဖြစ်သည်။

ယာယီလမ်းလွှဲအဖြစ်ယခင်က လျာထားခဲ့ဖူးသော ကျွန်းတောလမ်း၊ ဗဟိုလမ်း၊ အောက်ကြည့်မြင်တိုင်လမ်းနှင့် အထက်ကြည့်မြင်တိုင်လမ်းတို့တွင် နဂိုကတည်းက ယာဉ်ကြောပိတ်ဆို့မှုများရှိနေခြင်းကြောင့် မြေနီကုန်းမှ ယာဉ်များကိုလမ်းကြောင်းပြောင်းလိုက်ပါက အဆိုပါလမ်းများတွင် ပိုမိုပိတ်ဆို့စေမည့်အခြေအနေမျိုးဖြစ်လာနိုင်သလို မူလလမ်းကြောင်းပေါ်တွင် စီးနင်းသွားလာနေသော ခရီးသွားပြည်သူများအတွက်လည်း အခက်ခဲများကြုံစေနိုင်ခြင်းဖြစ်ကြောင်း သိရသည်။



မြေနီကုန်းခုံးကျော်တံတားအနီး ပြည်လမ်းမပေါ်တွင် ယာဉ်များသွားလာနေမှုကို အောက်တိုဘာ ၂၉ ရက် နေ့ခင်းပိုင်းကမြင်ရစဉ်။

ထို့ကြောင့် ယာဉ်လိုင်းဆိုင်ရာတာဝန်ရှိသူများက မြေနီကုန်းဧရိယာတစ်ဝိုက်သို့ ကွင်းဆင်းလေ့လာမှုများကို အကြိမ်ကြိမ်လုပ်ဆောင်ခဲ့ကြကာ ယာဉ်လိုင်းများကို ပုံမှန်အတိုင်းသာသွားလာရန်သတ်မှတ်ထားခြင်းဖြစ်သည်။ သို့ရာတွင် ခရီးသည်တင်ယာဉ်အချို့သည် အလုံလမ်းမီးပွိုင့်မှ အလုံလမ်း၊ ဗဟိုလမ်းတို့ကိုဖြတ်ကာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဝင်းကိုပတ်ပြီး ရှင်စောပုလမ်းမှဖြတ်တက်ခြင်းဖြင့်လည်းကောင်း၊ အချို့မှာ ဗားကရာလမ်းမှဖြတ်တက်ခြင်းဖြင့်လည်းကောင်း လုပ်ဆောင်ခြင်းများရှိသည့်အတွက် ခရီးသည်များအတွက် အခက်ခဲများဖြစ်ပေါ်ခဲ့သလို အဆိုပါလမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

ထိုမြေနီကုန်းတံတားစီမံကိန်းသည် ပြည်လမ်းမပေါ်တွင် လှည်းတန်းတံတားပြီးပါက ဒုတိယမြောက်စီမံကိန်းဖြစ်ပြီး လှည်းတန်းခုံးကျော်တံတားတည်ဆောက်စဉ်ကပင် ခရီးသည်တင်ယာဉ်များကို လမ်းကြောင်းပြောင်းလဲလိုက်ခြင်းမျိုးမရှိခဲ့သော်လည်း ရွှေဂုံတိုင်ခုံးကျော်တံတားတည်ဆောက်စဉ်က ခရီးသည်တင်ယာဉ်များကို ယာယီလမ်းလွှဲများသတ်မှတ်ကာ လမ်းကြောင်းပြောင်းပေးခဲ့ရကြောင်း သိရသည်။

ရန်ကုန်မြို့တွင် လက်ရှိ လှည်းတန်းခုံးကျော်တံတားစီမံကိန်း၊ ရွှေဂုံတိုင်ခုံးကျော်တံတားစီမံကိန်း၊ ဘုရင့်နောင်ခုံးကျော်တံတားစီမံကိန်း စသည်တို့မှာ တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးသွားကာ ကောင်းမွန်စွာအသုံးပြုနေပြီဖြစ်သလို မြေနီကုန်းခုံးကျော်တံတားစီမံကိန်းမှာ တည်ဆောက်ဆဲစီမံကိန်းတစ်ခုလည်းဖြစ်ပြီး ယင်းစီမံကိန်းပြီးစီးပါက လေးခုမြောက်ခုံးကျော်တံတားအဖြစ် ပေါ်ထွက်လာမည်ဟုလည်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

# စံကွက်ရိတ်သိမ်းပွဲနှင့် ကွင်းပြပွဲကျင်းပ

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် လက်ပံကျေးရွာအုပ်စု ရွာလင်းကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ကွင်းပြပွဲကို အောက်တိုဘာ ၂၉ ရက်က တောင်သူဦးမြင့်ဆွေ၏ ကွင်းအမှတ်(၈၅၄)၊ ဦးပိုင်အမှတ် (၁၅၆)တွင် ကျင်းပသည်။

ကွင်းပြပွဲတွင် ကွင်းအမှတ်(၈၅၄) ဗီယက်နမ်ပုလဲသွယ်စပါးမျိုးစံကွက်ကို ရိတ်သိမ်းရာတစ်ဧက ၁၅၆ ဒသမ ၂၅ တင်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲအပြီးတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က ဗီယက်နမ်ပုလဲသွယ်စပါးမျိုး၏ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှု၊ ဒေသနှင့် ကိုက်ညီမှုရှိပြီး (GAP)စနစ်ဖြင့် စနစ်တကျစိုက်ပျိုးကြရန်လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့်တောင်သူများက သဘောကျနှစ်သက်ကြ၍ ထိုစပါးမျိုးအား မျိုးရယူကာ ဆက်လက်ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းစိုး၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ကျေးရွာရှိတောင်သူများတက်ရောက်ကြသည်။ **မျိုးမျိုး(IPRD)**

## မြို့တွင်း တစ်နာရီ မိုင် ၃၀ ထက် မပိုရ

မဟာဘုံကထိန်အလှူလှူဒါန်းရန် ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော် ရှိ ကထိန်ခင်းရန် လိုအပ်မှု ရှိသည့် ဘုန်းကြီးကျောင်းများ၊ အနေဖြင့် (၃-၁၁-၁၄) နောက်ဆုံးထား၍ ဆက်သွယ်နိုင်ပါသည်။

(သက်ဆိုင်ရာမြို့နယ်သံဃာနာယကရုံး နှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး အထောက်အထားများနှင့်တကွ)

ရန်ကုန် – ၀၁ – ၂၂၉၇၉၁/၂/၄/၅/၇ ၊ ၀၉–၄၃၁၀၅၀၁၀
နေပြည်တော် – ၀၆၇–၂၁၀၃၂/၂၃၀၀၂ ၊ ၀၉–၄၂၀၇၀၉၄၁၇

Pleasant Times
Travels & Tours Co.,Ltd
Release Your stress with Pleasant Times
တောင်ကြီး-အင်းလေး-ကလော-ပင်းတယ (Dec:24)
ပုဂံ-ပုပ္ပါး-စွယ်တော်လေးဆူ-ပခုက္ကူ (Nov:5,Dec:24)
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မင်းကွန်း (Nov:5,Dec:24)
ထားဝယ်-ရှင်ကိုးရှင် (Flight) (Dec:25)
မော်လမြိုင်-ကျိုက်ကမီ-စက်စဲ (Nov: 8,15)
ပြည်-အကောက်တောင်(နေ့ချင်းပြန်) (Nov:5,8,15)
သထုံ-မဲလံတောင်-ဇင်းကျိုက်(နေ့ချင်းပြန်) (Nov:5,8,15)
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

# လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော ဂိုဒေါင်နှင့်စက်မှုလက်မှု မြေကွက်များနှင့် သက်ဆိုင်သည့်ကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်(၂၉)ဇုန်အတွင်းမှ စက်မှုလက်မှုမြေကွက်လွတ်ပေါင်း(၂၃၃၉)ကွက်နှင့် လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော ဂိုဒေါင်ပေါင်း(၁၂၉၉)လုံး၊ ဧရိယာအားဖြင့် (၄၄၁၈)ဧကကျော်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ မြေကွက်ပိုင်ဆိုင် ထားကြသူများမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနထံမှ "စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်" အမိန့်ကို ထုတ်ယူစဉ်က အသုံးပြုခွင့်ရသောမြေကွက်တွင်ရရှိပြီး သည့်နေ့မှ (၃)လအတွင်း အဆောက်အအုံစတင်ဆောက်လုပ်အသုံးပြုရမည်ဟုလည်းကောင်း၊ စက်မှုလက်မှုလုပ်ငန်းအသုံးပြုခွင့်ရသူသည် သတ်မှတ်ထားသောစည်းကမ်းများကို လိုက်နာရန်ပျက်ကွက်ပါက ခွင့်ပြုထားသောမြေကွက်ကို ဆောက်လုပ်ထားသော အဆောက်အအုံနှင့်တကွ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြန်လည်သိမ်းယူနိုင်ခွင့်ရှိသည်ဟုလည်းကောင်း စည်းကမ်းချက်များကို သဘောတူညီလက်မှတ်ရေးထိုးခဲ့ပါသည်။

၂။ ထိုသို့ လက်မှတ်ရေးထိုးခဲ့သော်လည်း ပိုင်ဆိုင်ခွင့်ရရှိသည့်အချိန်မှစ၍ ယနေ့အချိန်အထိ စက်မှုလက်မှုလုပ်ငန်းကို လုပ်ကိုင်ခြင်းမရှိသဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ရာတွင် အဟန့်အတားတစ်ရပ်ဖြစ်နေသည့်အပြင် စက်မှုဇုန်မြေဈေးမြင့်တက်မှုများလည်း ဖြစ်ပေါ်နေပါသည်။

၃။ အထက်ဖော်ပြပါလုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော ဂိုဒေါင်နှင့် စက်မှုလက်မှုမြေကွက်များကို ပိုင်ဆိုင်သူများအနေဖြင့် မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစား၊ တည်ဆောက်ရေးကာလ၊ စီးပွားဖြစ်စတင်လည်ပတ်မည့်ရက်၊ ဘဏ္ဍာငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် ရရှိမှုအရင်းအမြစ်အချက်အလက်များ ပြည့်စုံစွာပါဝင်သည့် Detail Business Plan ကို ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၁ရက်နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီးစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ (ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး)သို့ ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၄။ အဆိုပါ Detail Business Plan များကို ရန်ကုန်တိုင်းဒေသကြီးစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီက စိစစ်အတည်ပြုပြီးပါက ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၁ရက်ထက် နောက်မကျစေဘဲ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၅။ ယခုကြေညာချက်ပါ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ၎င်းဂိုဒေါင်နှင့် စက်မှုလက်မှုမြေကွက်လွတ်များကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးစက်မှုဇုန်များစီမံခန့်ခွဲရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ

**အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့**

**သတင်းကြေညာချက်**

**၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂၇ရက်**

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် (၃၁၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် အက္ခရာလုံးရေ(၄၀)(က မှ ကဆ)အထိ ရိုက်နှိပ်ထုတ်ဝေရောင်းချခဲ့ပါသည်။

၂။ အောင်ဘာလေသိန်းဆုဌာနခွဲမှ နယ်အရောင်းစနစ်၊ ဗဟိုအရောင်းစနစ်ဖြင့် ရောင်းချခဲ့ပြီး ကျန်ရှိသော(ကဂ)ထိ ထီအုပ်ရေ(၉၈၁၃)နှင့် (ကဃ မှ ကဆ)အထိ ထီအုပ်ရေ(၃၂၇၂၇၂)စုစုပေါင်း ထီအုပ်ရေ (၃၃၇၀၈၅)အား ရန်ကုန်အောင်ဘာလေ သိန်းဆုဌာနခွဲတွင် ၃-၁၁-၂၀၁၄ရက်မှ ၂၁-၁၁-၂၀၁၄ရက်နေ့အထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ ထိုသို့ရောင်းချရာတွင် နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူတစ်ဦးလျှင် အနည်းဆုံး ထီစာအုပ်(၁)အုပ်မှ အများဆုံးအုပ်ရေ(၁၀၀)အထိ ထီစာအုပ်(၁)အုပ်လျှင် ကျပ်(၂၀၀၀/-)နှုန်း ငွေသားဖြင့်ရောင်းချပေးမည်ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

ရွှေနဂါး
(စရိုက်ပြီမ်း)
ကျိုက်ထီးရိုး(နေ့စဉ်)–35000
ချောင်းသာ (နေ့စဉ်)–45000
ကားမျိုးစုံ စီးလုံးငှားသည်။
209077, 209388, 09-73167000

The Journal Oasis
No 141
09-421036363
09-421036436
ရုပ်ရှင်မင်းသားတွေပါဝင်တဲ့တိုင်စကုပ်အသင်းနဲ့လူရွှင်တော်အသင်းတို့ရဲ့ဖိုလ်လုပွဲအကြောင်း
ဒီနှစ်အကယ်ဒမီပွဲကျင်းပမယ့်နေရာ၊ နေ့နဲ့ ပြောင်းလဲထားတဲ့အစီအစဉ်သစ်တွေအကြောင်း
ဝတ်မှုံရွှေရည်ရဲ့ Profile ပါဝင်နေကျကဏ္ဍများစွာဖြင့် အိုအေစစ်ဆိုင်ပေါ်ရောက်ပြီ…




အမြန် ရောင်း / ငှါး
၁။ (၁၂၅၀ စ/ပ) ရွှေပုန်းညက်ရိပ်မွန်၊ ကမာရွတ်(ငှါး)
၂။ (၁၅ × ၇၅) ဒု – ထပ်၊ဗညားဒလလမ်း၊ ပလာဇာအနီး။
၃။ (၁၀၀ × ၄၃၅) လှည်းကူးကားလမ်းမဘေး။
၄။ (၄၀ × ၆၀) ဒဂုံဆိပ်ကမ်း၊ ၈၀ – ရပ်ကွက်။
၅။ (၄၀ × ၆၀) ဒဂုံတောင်၊ စက်မှုဇုန် ၆၄
01-549138
095155106

# အာဆီယံမသန်စွမ်းသူများ အနုပညာပွဲတော် နေပြည်တော်နှင့် ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်သွား မည်ဖြစ်သော မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပမည့် Immense Spectrum အာဆီယံ ဒေသအဆင့် မသန်စွမ်းသူများ အနုပညာပွဲတော်ကို နေပြည်တော်နှင့် ရန်ကုန်မြို့၌ စည်ကားစွာကျင်းပတော့မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအခြေစိုက် The Nippon Foundation ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပမည့် Immense Spectrum အာဆီယံ ဒေသအဆင့် မသန်စွမ်းသူများ အနုပညာပွဲတော်၏ ပထမအကြိမ် သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့ရာ မြန်မာမီလီအဖွဲ့မှ တာဝန်ရှိသူများနှင့် မီဒီယာများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ Immense Spectrum အာဆီယံဒေသအဆင့် မသန်စွမ်းသူများ အနုပညာပွဲတော်ကို ဒီဇင်ဘာ ၃ ရက်ည ၆ နာရီတွင် နေပြည်တော်၌ စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ထိုမှ တစ်ဆင့်ည ၁၀ နာရီထိ တစ်ညတာ ဖျော်ဖြေပြီးနောက် ရန်ကုန်မြို့၌ ဒီဇင်ဘာ ၅ ရက် မှ ၇ ရက်ထိကိုနေ့စဉ် ညနေ ၆ နာရီမှ ည ၁၀ နာရီထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် အာဆီယံနိုင်ငံများ၏ ပြခန်းများ၊ အဆို၊ အက၊ အတီး၊ ပန်းချီနှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ Documentary များ ပြသသွားမည်ဖြစ်ပြီး အာဆီယံဒေသတွင်းနိုင်ငံများနှင့် ဂျပန်နိုင်ငံမှ မသန်စွမ်း အနုပညာရှင်များအား ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဖိတ်ခေါ်ချက်များအရလည်း ဖိလစ်ပိုင်နိုင်ငံမှ အမြင်အာရုံမသန်စွမ်းသူ၊ ကိုယ်အင်္ဂါမသန်စွမ်းသူ ၁၈ ဦးက ခေတ်ပေါ် အက၊ ဝှီးချဲအကများဖြင့် လည်းကောင်း၊ စင်ကာပူနိုင်ငံမှ အကြားအာရုံမသန်စွမ်းသူ ရှစ်ဦးက ခေတ်ပေါ် အကဖြင့် လည်းကောင်း၊ အမြင်အာရုံ မသန်စွမ်းသူများဖြစ်သော ဗီယက်နမ်နိုင်ငံမှ လေးဦးနှင့် ထိုင်းနိုင်ငံမှ ငါးဦးတို့က ခေတ်ပေါ်တီးဝိုင်းဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ အကြားအာရုံမသန်စွမ်းသူ၊ ကိုယ်အင်္ဂါ မသန်စွမ်းသူ လေးဦးက တေးသရုပ်ဖော်ပန်းချီဖြင့် လည်းကောင်း၊ မလေးရှားနိုင်ငံမှ ဉာဏ်ရည်မသန်စွမ်းသူ ကိုးဦးက သီချင်းဖြင့် လည်းကောင်း၊ လာအိုနိုင်ငံမှ အမြင်အာရုံမသန်စွမ်းသူ၊ ကိုယ်အင်္ဂါ မသန်စွမ်းသူ ၁၂ ဦးတို့က တေးသရုပ်ဖော်များဖြင့် လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်အင်္ဂါ မသန်စွမ်းသူ ငါးဦးက ဝှီးချဲအကဖြင့် လည်းကောင်း၊ ဂျပန်နိုင်ငံမှ အကြားအာရုံမသန်စွမ်းသူ ၁၀ ဦးက ဂျပန်ရိုးရာဗုံများဖြင့် လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရပြီး ဘရူနိုင်းနိုင်ငံမှ မသန်စွမ်း အနုပညာရှင်များအား ချိတ်ဆက်ဆောင်ရွက်နေဆဲဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံမှ ရှေ့ဆောင်မျက်မမြင်ကျောင်း(မိတ္ထီလာ)မှ ဆိုင်းဝိုင်းဖြင့် လည်းကောင်း၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ခေတ်ပေါ်။ ကာလပေါ်သီချင်းများဖြင့် လည်းကောင်း၊ နားမကြားသော ကလေးများကျောင်း(မန္တလေး)မှ ပုဂံအလှဖြင့် လည်းကောင်း၊မြန်မာနိုင်ငံမျက်မမြင်များအသင်းမှ သံစုံတီးဝိုင်းများဖြင့် လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှတေးသရုပ်ဖော်၊ နှစ်ပါးသွားအကဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့က ဝှီးချဲအကဖြင့် လည်းကောင်း အသီးသီး ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရကာ ပြည်ပမှ ၇၅ ဦးနှင့် ပြည်တွင်းမှ ၃၀ ခန့်တို့ဖြင့် စုစုပေါင်း ၁၀၀ ကျော် ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်းဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏စာရင်းများအရ သိရသည်။

**စိုးဝင်း(ကြေးမုံ)**

# သစ်မွှေးစိုက်ပျိုးခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာများ အခမဲ့အကူအညီတောင်းခံနိုင်



**မြစ်ကြီးနား နိုဝင်ဘာ ၁**

မြန်မာနိုင်ငံအတွင်း သစ်မွှေးစိုက်ပျိုးခြင်းလုပ်ငန်းကို နေရာဒေသအနှံ့အပြားတွင် လုပ်ဆောင်လျက်ရှိပြီး သစ်မွှေးစိုက်ပျိုးခြင်းနည်းပညာနှင့် သစ်မွှေးမှိုဆေးသွင်းခြင်း၊ သစ်မွှေးအဆီခဲထုတ်လုပ်ခြင်း၊ သစ်မွှေးဆီပေါင်းခံထုတ်လုပ်ခြင်းနည်းပညာများကို မြစ်ကြီးနားမြို့ရှိ ရှင်းသန့်ချမ်းသာသစ်မွှေးစိုက်ပျိုးရေးနှင့် သစ်မွှေးဆီထုတ်လုပ်ရေးကုမ္ပဏီမှ MD ဦးခင်မောင်က အခမဲ့ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သစ်မွှေးစိုက်ပျိုးသူများတွင် အချို့စိုက်ပျိုးရေးလုပ်ငန်းရှင်များက နည်းပညာပိုင်းဆိုင်ရာများ အခက်အခဲရှိနေခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းပေးနိုင်ရန် ထိုကဲ့သို့လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကုမ္ပဏီမှ ကိုယ်ပိုင်မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် သစ်မွှေးမှိုဆေးကို သုတေသနပြုဖော်စပ်နိုင်ခဲ့ပြီး သစ်မွှေးဆီခဲထုတ်လုပ်ခြင်းနှင့် သစ်မွှေးဆီ(အရည်)ပေါင်းခံခြင်းများကိုလည်း ကိုယ်တိုင်လုပ်ဆောင်လျက်ရှိသည်။

"ကျွန်တော်တို့ကုမ္ပဏီက သစ်မွှေးစိုက်ပျိုးသူတွေကို နည်းပညာပေးချင်တယ်။ ပျိုးပင်ရောင်းစားနေလို့အဆင်မပြေဘူး။ ကမ္ဘာမှာမြန်မာ့သစ်မွှေးအဆီက နာမည်ရပြီးသားဖြစ်ပြီးတော့ ဒီကနေ့ကျွန်တော်တို့ထုတ်လုပ်နေတဲ့ သစ်မွှေးဆီခဲ၊ သစ်မွှေးဆီဆိုရင် အရည်အသွေးပေါ်မူတည်ပြီး ရောင်းချခွင့်တွေရရှိပါတယ်။ သစ်မွှေးဆီက အသည်းရောဂါ B, C ပိုး၊ HIV, AIDS နှင့် ကင်ဆာရောဂါအမျိုးမျိုးကိုလည်း ပျောက်ကင်းကြောင်း ကျွမ်းကျင်တဲ့ကျန်းမာရေးဝန်ထမ်းတွေကလည်း အသိအမှတ်ပြုလာခဲ့ပြီးဖြစ်တဲ့အတွက် သစ်မွှေးနဲ့ပတ်သက်လို့ နည်းပညာတွေကို အခမဲ့ရယူချင်တယ်ဆိုရင် ဖုန်း-၀၉-၅၄၁၄၁၆၂ နှင့် ၀၉-၅၀၄၅၇၀၀ တို့ကို အချိန်နေရာမရွေး စုံစမ်းဆက်သွယ်မေးမြန်းနိုင်ပါတယ်" ဟု ၎င်းကပြောကြားသည်။

**မိုယ်းကျ(မြစ်ကြီးနား)**


## MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

### အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ Myanmar Thilawa SEZ Holdings Public Ltd ၏ သန်လျင်/ကျောက်တန်းမြို့နယ်ရှိ အထူးစီးပွားရေးဇုန် အိမ်ရာစီမံကိန်း (Residential and Commercial Area)တွင် (၁၃)ခန်းတွဲ RC(၆)ထပ် တိုက်(၇)လုံးကို Phase(1) အနေဖြင့် ဆောက်လုပ်ရန်အတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသော မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါခေါ်ယူလိုပါသည် -

(က) ဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံ(၃)နှစ်နှင့် အထက်ရှိပြီး (၆)ထပ်နှင့်အထက် အဆောက်အဦး ဆောက်လုပ်ဖူးသူ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း အသင်းဝင်ထားသူ ဖြစ်ရပါမည်။

(ခ) အဆောက်အအုံဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး ဌာနတွင် လုပ်ကိုင်ခွင့် ရရှိသူဖြစ်ရပါမည်။

(ဂ) တင်ဒါတင်သွင်းသူသည် အနည်းဆုံး အဆောက်အအုံ(၁)လုံးမှ အများဆုံး (၃)လုံး အထိသာ ဆောက်လုပ်ခွင့် ရရှိနိုင်မည်ဖြစ်သည်။

(ဃ) တင်ဒါတင်သွင်းသူသည် အဆောက်အအုံ ဆောက်လုပ်ခြင်း၊ အတွင်းပိုင်း ရေသန့်လုပ်ငန်း၊ အတွင်းပိုင်း လျှပ်စစ်လုပ်ငန်း၊ ရေမြောင်းလုပ်ငန်းနှင့် ဆေးသုတ်လုပ်ငန်းများ အပါအဝင် Design BQ ပါအတိုင်း ဈေးနှုန်းတွက်ချက်၍ တင်သွင်းရပါမည်။

(င) လျှောက်လွှာတင်သွင်းရာတွင် တင်ဒါအာမခံ စပေါ်ငွေအား RC(၆)ထပ် တိုက်(၁)လုံးအတွက် ကျပ်သိန်း (၁၀၀) ပေးသွင်းရပါမည်။ တင်ဒါအောင်မြင်ခြင်း မရှိပါက ပြန်လည်ထုတ်ပေးပါမည်။

၂။ တင်ဒါဖောင် ဝယ်ယူချိန်၌ တင်ဒါစည်းကမ်းနှင့်အတူ Detail Design နှင့် Scope of Work တို့ကို ပူးတွဲပေးအပ် မည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့မှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၃) ရက်နေ့ဖြစ်ပြီး တင်ဒါ ပိတ်မည့်နေ့မှာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ (၂) ရက်နေ့ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံ တစ်စောင်လျှင် ကျပ်(၁၀၀,၀၀၀/-)ဖြင့် အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည် -

- အမှတ်(၂၉)၊၁၁လွှာ၊မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း - ၀၁-၂၃၀၁၇၇၂ ၊ ၂၃၀၁၇၇၃
  မိုဘိုင်းဖုန်း - ၀၉-၄၂၁၀၂၅၅၂
  Gmail address -trc.pcoordinator@gmail.com

### အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ Myanmar Thilawa SEZ Holdings Public Co.,Ltd ၏ သံလျင်/ကျောက်တန်းမြို့နယ်ရှိ အထူးစီးပွားရေးဇုန် အိမ်ရာစီမံကိန်း (Residential and Commercial Area) မြေဧရိယာ (၈၆.၅)ဧက အကျယ်တွင် သဲဖို့လုပ်ငန်း လုပ်ဆောင်ရန်အတွက် သဲကျင်း (၅၀,၀၀၀) ကို လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းသူသည် သဲစုပ်တင်ယူရန် စက်လှေနှင့်နေရာ၊ သယ်ပို့ပေးနိုင်သော ယာဉ်၊ စက်ယန္တယားများ ပြည့်စုံစွာရှိပြီး ၎င်းလုပ်ငန်းစဉ်အတွက် လုပ်ကိုင်ခွင့် လိုင်စင်ကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းလိုင်စင်ရှိသူ ဖြစ်ရမည့်အပြင် သတ်မှတ်ကာလအတွင်း လုပ်ကိုင်နိုင်သူဖြစ်ရပါမည်။ အဆိုပါလုပ်ငန်းကို ဈေးအနည်းဆုံးနှင့် အချိန်နှင့်တစ်ပြေးညီလုပ်ကိုင်နိုင်သူကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံ စတင်ရောင်းချမည့် နေ့မှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၃)ရက်နေ့ဖြစ်ပြီး တင်ဒါ ပိတ်မည့်နေ့မှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁၆)ရက်နေ့ ဖြစ်ပါသည်။ တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက် ထုတ်ယူနိုင်ပါသည် -

- အမှတ်(၂၉)၊၁၁လွှာ၊မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း - ၀၁-၂၃၀၁၇၇၂ ၊ ၂၃၀၁၇၇၃
  မိုဘိုင်းဖုန်း - ၀၉-၄၂၁၀၂၅၅၂
  Gmail address - trc.pcoordinator@gmail.com

### အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ Myanmar Thilawa SEZ Holdings Public Ltd ၏ သံလျင်/ကျောက်တန်းမြို့နယ်ရှိ အထူးစီးပွားရေးဇုန် အိမ်ရာစီမံကိန်း (Residential and Commercial Area) မြေဧရိယာ (၈၆.၅)ဧက အကျယ်တွင် မြေသားဖို့လုပ်ငန်း လုပ်ဆောင်ရန်အတွက် မြေသားကျင်း(၅၀,၀၀၀) ကို လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်း သူသည် မြေသားကောင်းမွန်သော မြေတောင် ရှိရပါမည်။ မြေကြီး တင်ယူရန် စက်နှင့်နေရာ၊ သယ်ပို့ပေးနိုင်သော ယာဉ်၊ စက်ယန္တယားများ ပြည့်စုံစွာရှိပြီး ၎င်းလုပ်ငန်းစဉ်အတွက် လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ရရှိသူဖြစ်ရမည်။ အဆိုပါ လုပ်ငန်းကို ဈေးအနည်းဆုံးနှင့် အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်နိုင်သူကို ဦးစားပေး ရွေးချယ်သွားမည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံ စတင်ရောင်းချမည့် နေ့မှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၃)ရက်နေ့ဖြစ်ပြီး တင်ဒါ ပိတ်မည့်နေ့မှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁၆)ရက်နေ့ ဖြစ်ပါသည်။ တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက် ထုတ်ယူနိုင်ပါသည် -

- အမှတ်(၂၉)၊ ၁၁လွှာ၊ မြန်မာနိုင်ငံစက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း - ၀၁-၂၃၀၁၇၇၂ ၊ ၂၃၀၁၇၇၃
  မိုဘိုင်းဖုန်း - ၀၉-၄၂၁၀၂၅၅၂
  Gmail address -trc.pcoordinator@gmail.com

## ပြည်တွင်းရေးရာ

# အထက်ပန်းဆိုးတန်းလမ်းပေါ်လူသတ်မှုကျူးလွန်သူအား ၁၉ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးမိ

**ရန်ကုန် နိုဝင်ဘာ ၁**

သူငယ်ချင်းဖြစ်သူနှင့် အရက်အတူသောက်ပြီး ပြန်လာရာမှ ငှားစီးလာသည့် တက္ကစီကားငှားခငွေကျပ် ၂၀၀၀ ပေးရန်ကို ၁၀၀၀ ကျပ်သာပေးသဖြင့် သူငယ်ချင်း အချင်းချင်း စကားများပြီး ဓားဖြင့် ထိုးကာ ထွက်ပြေးတိမ်းရှောင်သွားရာ ၁၉ နာရီအတွင်း ပြစ်မှုကျူးလွန်သူအား သက်သေခံဓားနှင့်အတူ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (မြောက်ပိုင်း) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဘုန်းမြင့်ဝင်းသည် ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်လာစဉ် အထက်ပန်းဆိုးတန်းလမ်း မြန်မာမေဖလားဝါးဘဏ်ရှေ့ ပလက်ဖောင်းနှင့် မော်တော်ကားလမ်းပေါ်တွင် ခန္ဓာကိုယ်တစ်ဝက်စီ အနေအထားဖြင့် သေဆုံးနေသူ တစ်ဦးကို တွေ့ရှိရ၍ မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းသို့ သတင်းပေးပို့တိုင်ကြားခဲ့ခြင်းဖြစ်သည်။

ယင်းသို့ သတင်းပေးတိုင်ကြားချက်အရ ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေးက ကြီးကြပ်ကွပ်ကဲပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး တိုင်းအကူတပ်ခွဲ(၂) မှုခင်းအကူတပ်ဖွဲ့ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းအောင်၊ မြို့မရဲစခန်းမှူး၊ ဒုတိယရဲစခန်းမှူး နယ်ထိန်းရဲတပ်ဖွဲ့ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် အခင်းဖြစ်နေရာအား အသေးစိတ်စစ်ဆေးမေးမြန်းဆောင်ရွက်ခဲ့ရာ မှုခင်းဖြစ်ပွားပြီး ၁၉ နာရီအတွင်း ပြစ်မှုကျူးလွန်သူအား အထောက်အထားအပြည့်အစုံနှင့် သိမ်းဆည်းဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၃၀ ရက် ည ၁၁ နာရီခန့်က သာကေတမြို့နယ် အနော်မာရပ်ကွက် အနော်မာလမ်းထိပ်၌ သေဆုံးသူနှင့်ဇော်ရဲအောင်တို့နှစ်ယောက်အတူတူ အရက်သောက်ပြီး အငှားယာဉ် တက္ကစီတစ်စီးငှားရမ်းကာ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဝန်ထမ်းအိမ်ရာ အထက်ပန်းဆိုးတန်းလမ်းသို့ရောက်ရှိလာရာ တက္ကစီငှားရမ်းခငွေကျပ် ၂၀၀၀ ကို ကျောက်ခဲ(ခ) အောင်ဆက်ပိုင်က ၁၀၀၀ ကျပ်သာပေးသည့်ကိစ္စနှင့် ပတ်သက်၍ တစ်ယောက်တစ်ခွန်း စကားများရန်ဖြစ်လုံးထွေးသတ်ပုတ်ကြရာမှ ဇော်ရဲအောင်က အသင့်ပါလာသော အရိုးအသွား ၁၀ လက်မခန့်ရှိ မောင်းခလုတ်ဓားဖြင့် ထိုးသဖြင့် လည်ပင်းတွင် တစ်ချက်၊ နောက်ကျောဝဲဘက် လက်ပြင်တွင် တစ်ချက် ဒဏ်ရာရရှိပြီး အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားသဖြင့် အမှုကို မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



**ပြစ်မှုကျူးလွန်သူ ဇော်ရဲအောင်အား တွေ့ရစဉ်။**


# နိုင်ငံတကာ သတင်းဂျာနယ်

ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံအကြောင်း ဇာတ်စုံသိချင်ပါသလား။
တစ်စောင်တည်းနှင့် ပြည့်စုံစေမှာ နိုင်ငံတကာသတင်းဂျာနယ်ပါ။

- တောင်နှင့်မြောက်ကိုရီးယား စစ်ဖြစ်လျှင် ဂျပန်မိုင်းရှင်းသင်္ဘောများ ပါဝင်ဖွယ်ရှိဟုဆို
- ကမ္ဘာ့နိုင်ငံများမှ အီဘိုလာတိုက်ဖျက်ရေး ဝိုင်းဝန်းကြိုးပမ်း
- အိုင်အက်စ်အဖွဲ့ သိမ်းပိုက်လာနိုင်သည့် နိုင်ငံရေးမတည်ငြိမ်သော လစ်ဗျား
- လစ်ဗျားသူပုန်ခေါင်းဆောင်ဟောင်း ဗြိတိသျှအစိုးရကို တရားစွဲဆိုခွင့်ရ
- အိုင်အက်စ်ချေမှုန်းရေး အရှိမြင့်လာသည့် အမေရိကန်
- အိုင်အက်စ်ထိန်းချုပ်မှုအောက်မှ အနာဂတ်မဲ့ အသုံးချခံကလေးငယ်များ
- ပနားမားတူးမြောင်း၏ ရေခူးစီး
- ရှူကာလီးယားခြိမ်းခြောက်မှုများနှင့် ရုရှား
- အီရန်ခေါင်းဆောင်ကြီးရာထူးဆက်ခံဖို့ အလားအလာရှိသူများ
- ဝန်ကြီးချုပ်မိုဒီနှင့် အိန္ဒိယစစ်တပ် စသည့် နိုင်ငံတကာသတင်းသုံးသပ်ချက် ဆောင်းပါးများ ဝေဝေဆာဆာဖြင့် တနင်္လာနေ့တိုင်း ထွက်ရှိလာပြီ။

ကြော်ငြာနှင့် ဖြန့်ချိရေး ဖုန်း - ၂၉၂၈၃၀၊ ၂၉၉၄၂၇၊ ၀၁ - ၈၆၁၀၆၈၅




**နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆိုင်ကယ်များအား သတ်မှတ်ယာဉ်ကြောအတိုင်း မောင်းနှင်ရန် ယာဉ်ကြောထားရှိပေးထားသော်လည်း လိုက်နာခြင်းမရှိဘဲ မော်တော်ဆိုင်ကယ် မောင်းနှင်နေကြသည်ကို အောက်တိုဘာ ၃၀ ရက်က တွေ့ရစဉ်။**

**သန်းနိုင်(ဇမ္ဗူသီရိ)**



# တောင်ကြီး၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၉ ရက်က တောင်ကြီး-ဟိုပုံးသွားလမ်းပေါ်ရှိ ကမ္ဘောဇဘဏ်လပ်မြေစက်ရုံသွားလမ်းထိပ်တွင် ခွန်မောင်ထွန်း မောင်းနှင်လာသည့် ယာဉ်အမှတ် ၁ခ/--- HILUX SURF အနက်ရောင် မော်တော်ယာဉ်အား စစ်ဆေးစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ခွန်ကျောင်းကျေးရွာလမ်းထိပ်၌ ဖမ်းဆီးရမိပြီး ခွန်မောင်ထွန်း လွယ်ထားသောလွယ်အိတ်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀ သိမ်းဆည်းရမိသဖြင့် ခွန်မောင်ထွန်း (၃၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**


KALBE

MIXAGRIP

Diabetasol

## VACANCY ANNOUNCEMENT

**Kalbe** is multinational company, leading provider of comprehensive healthcare solutions from pharmaceuticals, nutrition, health food and beverages to medical devices. We are the largest publicly listed pharmaceutical company in South East Asia, have established its footprint in Southeast Asia, Africa and USA. We have more than 19,000 employees worldwide, due to our rapid growth & expansion plan in Myanmar,we are looking for high talented, motivated, independent and agile person to be posted in the following positions in Yangon and Mandalay.

**A. MEDICAL REPRESENTATIVE (20 PERSONS)**
- Promoting product and create demand in medical channel
- Building relationship with customers

**B. MEDICAL SUPERVISOR (5 PERSONS)**
- Monitoring & leading the medical team
- Promoting product and create demand in medical channel
- Building relationship with Key Person Decision Maker

**C. KEY ACCOUNT SUPERVISOR /MODERN TRADE (2 PERSONS)**
- Dealing with Modern Trade for all promotion activities
- Monitoring promotion program in Modern Trade
- Leading merchandising & Sales Promotion Team

**D. BRAND EXECUTIVE (3 PERSONS)**
- Building brand awareness through promotion activities
- Set up promotion plan and demand creation
- Conduct market analysis and consumer behavior survey
- Monitoring all promotion and demand creation activities

**E. HUMAN RESOURCES EXECUTIVE**
- Managing all issues related with Human Resources
- Talent recruitment

**F. DATA ANALYSIS OFFICER**
- Data analysis
- Consolidating sales data from distributor across Line of Business

**G. SALES ADMIN**
- Handling all administration matter
- Support Sales team with providing accurate data

Basic Requirements (for all post) :
- Bachelor Degree is a must
- Supervisor Level must speak English
- Working Experience in healthcare sector is preferable
- Strong analytical thinking & good communication skills
- Willing attend training in abroad
- Computer literate

Interest Candidate may send Curriculum Vitae by email to hrd@kalbeinternational.com or below address within (14) days from this advertisement.

**KALBE**
**Human Resources Department**
**No 9-A, Corner of Than Lwin Street and**
**Chin Dwin Street, May Kha Housing**
**Thingangyun Township, Yangon**


# မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ
ဦးမင်းမောင်-ဒေါ်စန်းရီတို့၏သားကြီး

**မောင်ဆန်းလင်း B.A (Eng)**

**Retail Store Manager, Ooredoo Myanmar**

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ
ဗိုလ်မှူးစိန်အောင်(ငြိမ်း)[တိုင်းလျှပ်စစ်အင်ဂျင်နီယာ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)]-
ဒေါ်အောင်စန်းမေ(စာရင်းစစ်-ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

**ဒေါက်တာအေးစုအောင် M.B.,B.S (Mdy)**

**1st Year,M.Med.Sc(O & G),MRCOG (Part-1)**

ဗဟိုအမျိုးသမီးဆေးရုံ၊ ရန်ကုန်

တို့၏ ၁၆-၁၀-၂၀၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဦးအောင်သန်းထွန်း (ပဲခူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ)နှင့်ဇနီးဒေါ်ဇင်မာဝင်း၊ ပဲခူးမြို့ မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သောဆွေမျိုးများနှင့် မိတ်သင်္ဂဟများအားလုံးအားလည်းကောင်း၊ ၁၈-၁၀-၂၀၁၄ရက်တွင် ပဲခူးမြို့၊ ဥဿာကျော်ဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့အားလည်းကောင်း မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးစိုးမိုးဝင်း[အထွေထွေမန်နေဂျာ (Export သစ်တောဖက်စပ်)]၊ မင်္ဂလာအခါတော်ပေး သီကျူးပေးပါသော မထက်ထက်မော်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးကြပါသော ဦးအောင်ဘသန်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းများဖြန့်ကြဲပေးပါသော မရွှန်းပြည့်ပြည့်အောင်၊ မင်္ဂလာအောင်စံပယ်ပန်းကလပ် ကိုင်ဆောင်ပေးပါသော မဖူးခက်ခက်ခိုင်၊ မင်္ဂလာလက်ထပ်လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မခိုင်မိုးမိုး၊ မင်္ဂလာသတို့သားအရံနှင့် သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးကြပါသော မောင်နေလင်းအောင်နှင့် မထက်ထက်ခိုင်၊ မင်္ဂလာဝတ်စုံအလှ ဖန်တီးပေးပါသော ပြည်စိုးအောင်၊ မိတ်ကပ်ဆံပင်အလှပြင်ဆင်ပေးပါသော ဇော်ဇော်(ခင်စန်းဝင်း) မှတ်တမ်းတင်ဗီဒီယိုကိုတင့်နှင့်အဖွဲ့၊ ဓာတ်ပုံဦးစိုးညွန့်၊ ကိုနေလင်း၊ ပန်းအလှပြင်ဆင်ပေးပါသော ဦးခင်မောင်ဝင်း၊ ဥဿာကျော်ဟိုတယ်မှ ဦးခင်သောင်းနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော ဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ လိုအပ်သည်များကို ဝိုင်းဝန်းကူညီပေးကြပါသော မိတ်ဆွေများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဆန်းလင်း-ဒေါက်တာအေးစုအောင်

# သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း

**သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၆ ခုနှစ်၊ လ၊ ရက်**

**(၂၀၁၄ ခုနှစ်၊ လ၊ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို သံအရာရှိများနှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေပုဒ်မ ၂(က) နှင့် (ခ)တို့အား အောက်ပါအတိုင်းအစားထိုးရမည်-

(က) **'သံအရာရှိ' ဆိုရာတွင် သံအမတ်ကြီး၊ သံအမတ်၊ သံမှူးကြီး၊ သံမှူးကိုသော်လည်းကောင်း၊ သံရုံး၏ အတွင်းဝန်ကိုသော်လည်းကောင်း၊ သံရုံးယာယီတာဝန်ခံကိုသော်လည်းကောင်း ဆိုလိုသည်။**

(ခ) **'ကောင်စစ်အရာရှိ'ဆိုရာတွင် ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန်တို့ပါဝင်သည့် အပြင် ထိုကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန်၊ ကောင်စစ်ကိုယ်စားလှယ် တစ်ဦးဦး၏ တာဝန်ဝတ္တရားများကိုဆောင်ရွက်ရန် အာဏာလွှဲအပ်ခြင်းခံရသော အခြားပုဂ္ဂိုလ်လည်း ပါဝင်သည်။**

၃။ သံအရာရှိများနှင့်ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေပုဒ်မ ၃(၁)တွင် ပါဝင်သော 'တိုင်းတစ်ပါးတွင်ဖြစ်စေ၊ အရပ်တစ်ပါးတွင်ဖြစ်စေ'ဆိုသည့် စကားရပ်ကို **'နိုင်ငံတွင်းတွင်ဖြစ်စေ၊ နိုင်ငံပြင်ပတွင်ဖြစ်စေ'**ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ)အက်ဥပဒေပုဒ်မ ၇(၁) အား အောက်ပါအတိုင်းအစားထိုးရမည်-

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှာ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ ထုတ်ပြန်နိုင်သည်။

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

# ကုလသမဂ္ဂအဖွဲ့(အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း

**ကုလသမဂ္ဂအဖွဲ့(အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၆ ခုနှစ်၊ လ ၊ ရက်**

**(၂၀၁၄ ခုနှစ်၊ လ၊ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့(အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ)အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့(အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေဆိုင်ရာ ပုဒ်မ ၃ တွင် ပါရှိသော "ပြည်ထောင်အချင်းချင်း သဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ သို့တည်းမဟုတ် အခြား စာချုပ်စာတမ်း"ဆိုသည့် စကားရပ်အား **"အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ"**ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ)အက်ဥပဒေဆိုင်ရာ ပုဒ်မ ၄ အား အောက်ပါ အတိုင်း အစားထိုးရမည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှာ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများထုတ်ပြန်နိုင်သည်။

၄။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့(အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ) အက်ဥပဒေဆိုင်ရာဇယား၊ Article-1 ၏ Section-1 တွင် ပါရှိသော "judicial" ဆိုသည့် စကားရပ်အစား "juridical" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

# မော်တော်ယာဉ်လိုင်စင်များ သက်တမ်းတိုးပေးမည်

**နေပြည်တော် နိုဝင်ဘာ ၁**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်း တိုးခြင်းလုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁ | ကချင်ပြည်နယ် | ဝိုင်းမော်၊ ဖားကန့် |
| ၂ | ကယားပြည်နယ် | ဒီမောဆိုး၊ ဖရူဆို |
| ၃ | ချင်းပြည်နယ် | ဖလမ်း၊ တီးတိန် |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ယင်းမာပင်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဒီပဲယင်း |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | ကျွန်းစု |
| ၆ | ပဲခူးတိုင်းဒေသကြီး | ရွှေတောင်၊ ကျောက်ကြီး |
| ၇ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး၊ မြို့သစ်၊ ဂန့်ဂေါ၊ ထီးလင်း၊ စလင်း၊ အောင်လံ၊ မင်းလှ |
| ၈ | မန္တလေးတိုင်းဒေသကြီး | သပိတ်ကျင်း၊ ဝမ်းတွင်း၊ တံတားဦး |
| ၉ | မွန်ပြည်နယ် | သံဖြူဇရပ် |
| ၁၀ | ရခိုင်ပြည်နယ် | ကျောက်ဖြူ၊ ရမ်းဗြဲ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ၊ တွံတေး |
| ၁၂ | ရှမ်းပြည်နယ် | ရပ်စောက်၊ ရွာငံ၊ လဲချား၊ သိန်းနီ၊ မိုးမိတ်၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းဖြတ် |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | ကျောင်းကုန်း၊ ပန်းတနော်၊ ဖျာပုံ၊ ဇလွန် |

# တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းအမှုဆောင် သင်တန်းဖွင့်

**လှည်းကူး နိုဝင်ဘာ ၁**

တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်များနှင့် မြို့နယ်သမဝါယမအသင်းစုများ အနေဖြင့် သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက်လုပ်ငန်းစဉ်များနှင့် သမဝါယမလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လုပ်ကိုင်မှုများကို သိရှိနားလည်သဘောပေါက်စေပြီး မိမိတို့အသင်း၏ စာရင်းဇယားများထားသိမှု၊ စာရင်းရေးဆွဲမှုများကို စနစ်တကျမှန်ကန်စွာ ဆောင်ရွက်တတ်စေရန်၊ မိမိတို့အသင်း၏ စာရင်းဇယားများအား ကိုယ်တိုင်စစ်ဆေး တတ်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်သော တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်းများ သမဝါယမမွမ်းမံသင်တန်း အမှတ်စဉ် (၂/ ၂၀၁၄)ကို အောက်တိုဘာ ၂၇ ရက် နံနက် ၉နာရီခွဲက သမဝါယမကောလိပ်(ဖောင်ကြီး) လှည်းကူးမြို့၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းကာလမှာ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၅ ရက်အထိဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၇၈ ဦးတက်ရောက်ကြောင်း သိရသည်။ **လှကြွယ်(လှည်းကူး)**

# သန်လျင်ဖားကူးအရှေ့ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းဖော်ဆောင်

**သန်လျင် နိုဝင်ဘာ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဖားကူးအရှေ့ကျေးရွာသို့ အောက်တိုဘာ ၂၆ ရက်က သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ကျေးရွာမြစိမ်းရောင်ကော်မတီ၏ စာရင်းဇယားများထားရှိမှုအား ကြည့်ရှုခဲ့ပြီးနောက် ချေးငွေဖြင့်ကျေးရွာသူကျေးရွာသားများ၏ မိသားစုတစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(သန်လျင်ကျေးလက်)**

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ရေဆင်းမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် အသစ်ဆောက်လုပ်မည့် ကျောင်းသား ကျောင်းသူ ၂၀၀ ဆံ့ RC နှစ်ထပ် အိပ်ဆောင် သုံးလုံးအား တစ်လုံးလျှင်ငွေကျပ် သိန်း ၉၉၆ ဒသမ ၁၅ နှုန်းဖြင့် ၃၁-၃-၂၀၁၅ ရက်နေ့အပြီး ဆောက်လုပ်ရန် မြန်မာနိုင်ငံသား တည်ဆောက်ရေးလုပ်ငန်းရှင်များ အား ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရန် ကြေညာအပ်ပါသည်။

၂။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို အောက်ပါလိပ်စာနှင့် ဖုန်းအမှတ် ၀၆၇-၄၁၆၅၂၅၊ ၀၆၇-၄၁၆၅၂၆၊ ၀၆၇-၄၁၆၅၃၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါကြောင်းနှင့် မွေး/ရေ ကျေးလက် facebook နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း ဇေယျာသီရိမြို့နယ် နေပြည်တော်**

ဆရာဦးဇော်လင်း (B.A,korean.YUFL)
"ဟာနူးလ်"
ကိုရီးယားဘာသာသင်တန်းကျောင်း
(မုံရွာမြို့တွင်လည်း ထပ်မံဖွင့်လှစ်လိုက်ပါပြီ)
EPS-TOPIK
Facebook : U Zaw Lin (သို့) jeezawlinn @gmail.com
Ph ; 09-400475420 , 09-47113848 , 09-31426782

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၉၁၅)၊ မြေကွက်တည်နေရာအမှတ်(၉၁၅)၊ သုမိတ္တာ (၂၃) လမ်း၊ ဦးစောဟန် (အေဒီ-၀၁၉၅၆၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(တရားရှုံး)ကိုယ်စား မြောက်ဥက္ကလာပမြို့နယ်၊ တရားရုံးမှ တာဝန်ပေးအပ်ခြင်းခံရသူ ဘီလစ်ဦးခင်မောင်ချစ်[၁၂/သကတ(နိုင်)၁၀၈၇၃၉]မှတရားမကြီးမှုအမှတ်(၆၅/၂၀၁၄)စီရင်ချက်နှင့်ဒီကရီ၊ ဇာရီမှုအမှတ် (၄၁/၂၀၁၄) တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လင်းယုန် မိုးကောင်းကင် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
ထားဝယ် ↔ ရန်ကုန် ↔ မုံရွာ (နေ့စဉ်)
ရန်ကုန် ↔ မြိတ် တိုက်ရိုက်ခရီးစဉ် ဆွီဒင်နိုင်ငံထုတ် SCANIA ကားသစ်ကြီးများဖြင့်
(၇-၁၁-၂၀၁၄) နေ့မှ စတင်ပြေးဆွဲပေးပါမည် (ကြိုတင်လက်မှတ်ဝယ်ယူနိုင်ပြီ)
ဆက်သွယ်ရန်
ရန်ကုန် ☏ က-၉/၁၀၊ "ပ စောက်ဝင်း"၊ အောင်မင်္ဂလာယာဉ်ရပ်နားစခန်း (အောင်မင်္ဂလာအဝေးပြေးဝင်း)
01-704685, 01-637643, 01-637644, 09-73208028, 09-5161881
မုံရွာ ☏ 071-28062, 071-28337, 09-43029615, 09-400402488
ထားဝယ် ☏ 09-250856668, 09-250856669, 09-421012195
မြိတ် ☏ 09-421012194, 09-73254422, 09-8626322

# မင်းဘူးတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး



**မကွေး၊ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် အောက်တိုဘာ ၂၉ ရက်နံနက် ၈နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ မင်းဘူးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းဘူး(စကု)မြို့နယ် ထနှောင်းတောကျေးရွာအုပ်စု တောဘိုကုန်းကျေးရွာ တောင်သူဒေါ်ဝင်း၏ ပုလဲသွယ်မိုးစပါးစံပြ ၁၀ ဧကရိတ်သိမ်းပွဲသို့ တက်ရောက်၍ ကြည့်ရှုအားပေးခဲ့သည်။

ပုလဲသွယ်မိုးစပါး စံပြ ၁၀ ဧက ရိတ်သိမ်းပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှူးက မိုးစပါးစံပြစိုက်ကွက် ရိတ်သိမ်းမှု သရုပ်ပြရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်က ဧက ၁၀၀ စိုက်ကွင်းများ ဖော်ထုတ်ရေးနှင့် ဗီယက်နမ်မျိုးစပါး စိုက်ပျိုးမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီပံ့ပိုးမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက တောင်သူများအား ပန်းတိုင်အထွက်တိုး ရရှိရေးအတွက် စိုက်ပျိုးရေးနှင့်ကြီးကြပ်အဖွဲ့များမှ လမ်းညွှန်ချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရေးတို့ကို လမ်းညွှန်မှာကြားခဲ့ပြီး စံပြစိုက်ကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကာ တက်ရောက်လာသော ဒေသခံတောင်သူများအား တွေ့ဆုံနှုတ်ဆက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပွင့်ဖြူမြို့နယ် ကန်သာကြီးကျေးရွာ တောင်သူဦးဆန်းဝင်း၏ ဗီယက်နမ်မျိုးစပါး နှစ်ဧကစမ်းသပ်စိုက်ပျိုးထားသည့် ကွင်းအား ကြည့်ရှုအားပေးပြီး တောစိမ့်ကျေးရွာတွင် ပြည့်ပြည့်ဝဝ ကုမ္ပဏီမှ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသောဖရဲခင်းကိုးဧက၊ သခွားမွှေးငါးဧက နေရာသို့ရောက်ရှိပြီး ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် စိုက်ပျိုးရေးပညာရှင်များကဖရဲစေ့ထုတ်လုပ်ပုံ၊အောင်မြင်နေသောစိုက်ခင်းများ၏သရုပ်ပြနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

တောင်သူပညာပေးစိုက် ကွင်းများဖြစ်ပေါ်လာပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ဝန်ကြီးကမှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပွင့်ဖြူမြို့နယ် လင်းဇင်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး တိုက်နယ်ဆေးရုံအတွင်း သန့်ရှင်းသာယာလှပရေး ဆေးပစ္စည်းများ သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား လိုက်လံနှုတ်ဆက်အားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လင်းဇင်း အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအားတွေ့ဆုံကာ ပညာသင်ကြားနေမှုအခြေအနေ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်သော တည်ဆောက်ရေးလုပ်ငန်းများ ဆရာ၊ ကျောင်းသားအင်အား အခြေအနေတို့ကို တွေ့ဆုံမေးမြန်းပြီး စာသင်ကျောင်းအတွက် လိုအပ်သည်များကို တိုင်းဒေသကြီးဌာနဆိုင်ရာများနှင့်ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် လင်းဇင်းဆည်အား ကြည့်ရှုစစ်ဆေးရာ ဆည်အတွင်းရေဝင်ရောက်မှုအခြေအနေ စပါးအောင်ရေပေးနိုင်မှု ရေထိန်းတံခါးကြွခိုင်မှု ရေပေးမြောင်းများ ကြွခိုင်မှုတို့ကို တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စပါးအောင်ရေ ပေးနိုင်ရေးအတွက် စနစ်တကျဆောင်ရွက်နိုင်ရေး ရေထိန်းတံခါးများကြွခိုင်မှုများအား စဉ်ဆက်မပြတ် စစ်ဆေးနေမှုကို ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# ကသာခရိုင် ဗန်းမောက်မြို့၌ ပန်းပုသင်တန်းဖွင့်လှစ်

**ဗန်းမောက်၊ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့တွင် ကသာခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် ဗန်းမောက်မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးပန်းပုသင်တန်းကို ဗန်းမောက်မြို့၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ပန်းပုပြခန်းနှင့် အလုပ်သင်ခန်းမ၌ ပန်းပုသင်တန်းဖွင့်ပွဲ အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကသာခရိုင်၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းက သင်တန်းကို ပြီးဆုံးအောင်တက်ရောက်၍ ပန်းပုပညာ တတ်မြောက်ပါက အသက်မွေးဝမ်းကျောင်းပညာတစ်ခု ရရှိမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌သစ်တောကြီးများရှိ၍ ပန်းပုလုပ်ငန်းအတွက် ကုန်ကြမ်းများပေါများကြောင်း၊ အတတ်ပညာဖြင့် အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးယူရမည်ဖြစ်ပြီး ပန်းပုပညာ အရည်အသွေးမြင့်မားရေး ကြိုးစားပါက ပန်းပုများကို ဈေးကွက်သို့ ပို့ဆောင်ရာတွင် ကူညီမည့်အခြေအနေများကို ရှင်းပြခဲ့သည်။

ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အမြဲတမ်းအရောင်းပြခန်းတွင် ဗန်းမောက်မြို့နယ်မှ ပန်းပုလက်ရာများ ပြသရောင်းချနိုင်ရန် စီစဉ်ညှိနှိုင်းနေကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲသို့ ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ အမှတ်(၂) စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးညို၊ ဗန်းမောက်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်း၊ မြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးအောင်စိုးမင်း၊ မြို့နယ်အထောက်အကူပြုကော်မတီမှ ဦးထွန်းမောင်၊ ပါတီအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် မြို့မိမြို့ဖများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်းသိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းက “အခုသင်တန်းသား၂၀နဲ့ သင်တန်းဆရာတွေအတွက် နေရေး၊ စားရေးကိုအကုန်တာဝန်ယူပေးထားပါတယ်။ သင်တန်းဆရာတွေကို လစာနဲ့ပေးငှားတဲ့စရိတ်တွေပါ အကုန်အကျခံပြီးဖွင့်တာဟာ ဒေသတွင်းဖွံ့ဖြိုးမှုရှိစေချင်လို့ပါ။သင်တန်းကာလကတော့ မတတ်မချင်းသင်ပေးမယ်။အခုသင်တန်းတက်တဲ့ကလေးအယောက်၂၀ က စိတ်ဝင်စားပြီး တက်ကြလို့ မတတ်တတ်အောင်သင်ပေးမှာပါ” ဟု ပြောကြားခဲ့ ကြောင်းသိရသည်။ **အေးလွင်(ကသာ)**

# စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများထံ လက်ဝယ်အရောက် စာအုပ်များငှားရမ်းမှု ဆောင်ရွက်

**စစ်ကိုင်း၊ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၊ ရပ်ကွက်နေပြည်သူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စာပေကို အလွယ်တကူဖတ်ရှုနိုင်ပြီး ပညာဗဟုသုတများရရှိနိုင်စေရန် ရွေ့လျားစာကြည့်တိုက်များဖွင့်၍ ပြည်သူများ လက်ဝယ်အရောက် စာအုပ်များငှားရမ်းပေးလျက်ရှိရာ အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့ ရွာထောင် ဒီဇယ်စက်ခေါင်းစက်ရုံရှိအလုပ်သမား ၂၀၀ ကျော်တို့အား လက်ဝယ်အရောက် စာအုပ်များငှားရမ်းပေးခဲ့ကြောင်းသိရသည်။

“ခရိုင်ပြည်သူ့စာကြည့်တိုက်မှာ သီးသန့်လာရောက်ငှားရမ်းခြင်း မပြုလုပ်နိုင်သူတွေအတွက် ရည်ရွယ်ပြီး လက်ဝယ်အရောက်သွားပြီး စာအုပ်တွေငှားရမ်းပေးတာပါ။ တချို့ကလည်း စာဖတ်ချင်ပေမယ့် အလုပ်မအားဖြစ်နေတာတွေ စာကြည့်တိုက်နဲ့ ဝေးနေတဲ့သူတွေအတွက် အဆင်ပြေအောင် အခုလိုငှားရမ်းပေးတော့ သူတို့တွေ အလုပ်အားတဲ့အခါ စာဖတ်ရတာပေါ့။

“ရွေ့လျားသွားရောက် ငှားရမ်းနေပေမယ့် ခရိုင်ပြည်သူ့စာကြည့်တိုက်မှာလည်း နေ့စဉ်လာရောက်ငှားရမ်းနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိပေးပါတယ်။ အသင်းဝင် တိုးပွားရေးအတွက်လည်း တစ်ခါတည်း အသင်းဝင်လုပ်ပေးထားခဲ့ပါတယ်။ ပြည်သူတွေ အားတဲ့အချိန် အလွယ်တကူစာအုပ်ငှားနိုင်အောင်လို့ပါ။ အပတ်စဉ်နှစ်ရက်တော့ ရွေ့လျားစာကြည့်တိုက် ဆက်လက်ဖွင့်ပေးသွားမှာပါ” ဟု စာကြည့်တိုက်မှူးက ပြောကြားခဲ့သည်။

“အခုလို လက်ဝယ်အရောက် စာအုပ်များလာရောက်ငှားရမ်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီစက်ရုံမှာက အလုပ်သမား ၆၀၀ ကျော်ရှိပါတယ်။ ဒီအထဲက စာပေဝါသနာပါတဲ့သူတွေလည်း အများကြီးပဲ။ သို့သော် မအားလပ်တဲ့အခါကျတော့ စာမဖတ်ဖြစ်ကြဘူးပေါ့လေ။ စက်ရုံအရောက်လာ ငှားပေးတော့ သူတို့တွေ ညပိုင်းအားတဲ့အခါ စာဖတ်ဖြစ်ကြတာပေါ့” ဟု တာဝန်ခံ အင်ဂျင်နီယာတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
Nissan Tiida lation, Model 2009 အဖြူရောင် 1.5CC ကီလို ၆ သောင်းကျော် AC,PW, စတီနံပါတ် Ph-09-43200669၊ ၁၁၅ သိန်း။

**ပျောက်ဆုံးကြောင်း**
ဦးစိုးဝင်း၏သား မောင်မင်းမင်း၏ မှတ်ပုံတင်[၁၃/လရန(နိုင်)၀၀၁၉၁၆]မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။)
ဖုန်း-၀၉-၅၀၂၃၀၃၃၊ ၀၉-၉၇၅၇၅၃၃၈၈

**ဒဂုံမြို့သစ်**
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129

**ပျောက်ဆုံးကြောင်း**
ကျွန်မ ဒေါ်လေးလေးခန့်[၁၀/သထန(နိုင်)၀၇၀၅၆၈]ပိုင်ဆိုင်သော Polygon Global Limited ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ၁၆၂၃/၂၀၁၁-၂၀၁၂၊ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် လိုင်စင်နှင့်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဝင်လက်မှတ်မူရင်းတို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၁၂၄၂၃

**ရွှေရတုမင်္ဂလာဆုတောင်း**
(၂-၁၁-၁၉၆၄) (၂-၁၁-၂၀၁၄)
ဖခင်ကြီး ဦးခင်မောင်ဝင်းနှင့် မိခင်ကြီး ဒေါ်ထားထားတို့၏ ရွှေရတုမင်္ဂလာနှစ်ပတ်လည်မှသည် ရတုအဆက်ဆက် ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် သူတော်ကောင်းတရားများ ဆက်လက်အားထုတ်နိုင်ပါစေကြောင်း ဂါရဝပြု ဆုမွန်တောင်းလျက်-
သားများ - ဝင့်သူဝင်း၊ ဝင့်တေဇဝင်း၊ မောင်မောင်မိုးဝင်း၊ ရဲဝင့်သူ
သမီးချွေးမများ - မော်မော်၊ မခိုင်၊ ဝေမာ
မြေးများ - ယုချမ်းလင်း၊ ချမ်းငြိမ်းကျော်၊ဟန်သစ်ထူး၊ အောင်ထူးကျော်

**အမည်ပြောင်း**
အထက ၂၊ စမ်းချောင်း Grade(10)Dမှ အဖ ဦးတင့်ဇော်၏သမီး မဖြိုးသီရိအား အိဖြိုးသီရိဟု ပြောင်းလဲခေါ်ပါရန်နှင့် သားမောင်ပိုင်သူကျော်အား အောင်ပိုင်သူကျော်ဟု ပြောင်းလဲခေါ်ပါရန်။
အိဖြိုးသီရိ၊ အောင်ပိုင်သူကျော်




**ကန့်ကွက်နိုင်ပါကြောင်း**
လှိုင်သာယာမြို့နယ်၊ မြေတိုင်း-၄၊ (နဝဒေးအိမ်ရာ)၊ မြေကွက်-၁၀၉၅၊ ဧရိယာ ၀. ၀၂၈ ဧက၊ နှစ်(၆၀)မြေငှားစာချုပ်၊ အမည်ပေါက်မှာ ဒေါ်တင်တင်ဝင်း ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင် အရောင်းအဝယ်စာချုပ်(၆၆၇၃/၂၀၁၄) တင်ပြ၍ ဒေါ်ထားထားအေး [၁၀/မလမ(နိုင်)၀၉၈၂၈၃]အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။
မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

**ရောင်းမည်**
တာမွေ အရှေ့မြင်းပြိုင်ကွင်း၊ လမ်းမပေါ် ၉ လွှာ၊
Penthouse (၄၈ × ၇၃) ပေ၊ sqft 3504၊
1MB ၊ 1B ၊3A/C ၊ ပါကေး ကြွေပြား၊ Lift၊
Contact : 09-508 9945, 516 0778, 518 1987

# ဇရပ်ကြီး ကျောက်ချောလမ်းဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**တောင်သာ၊ နိုဝင်ဘာ ၁**

ဇရပ်ကြီးကျေးလက်လမ်းဖောက်လုပ်နေမှုကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်တို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူးကလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရမှ မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာများကို မြို့ပြဒေသနှင့်မခြား ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လမ်းသစ်များဖောက်လုပ်ခြင်း၊ အသုံးပြုလျက်ရှိသော လမ်းများအား အဆင့်မြှင့်တင်ခြင်း စသည်ဖြင့် ပြည်သူများအတွက် ဆက်သွယ်ရေးအခြေခံဖြစ်သော လမ်းများကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာန ရန်ပုံငွေမှ ကျပ် ၂၂ ဒသမ ၉၅ သန်းအကုန်အကျခံသုံးစွဲ၍ အရှည် ၆ မိုင် ၇ ဖာလုံရှိသော ဇရပ်ကြီးကျေးလက်ကျောက်ချောလမ်းကို ဖောက်လုပ်လျက်ရှိသည်။



ဇရပ်ကြီး ကျေးလက်ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီးသွားပါက ဇရပ်ကြီး၊ ပြသာဒ်ကြီး၊ ငွေသောင်၊ လှည်းကူးမ၊ ရွှေစည်ကြီးစသည့်ကျေးရွာပေါင်း ၂၀ ကျော်မှ ကျေးရွာနေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တောင်သာမြို့၊ နွားထိုးကြီးမြို့၊ မလှိုင်မြို့များသို့ အလွယ်တကူ သွားနိုင်မည်ဖြစ်ပြီး လူမှုရေး၊စီးပွားရေး တိုးတက်လာကြမည်ဖြစ်သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# Public Digital Library Service စက်များပြည်မြို့တွင်တပ်ဆင်

**ပြည်၊ နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ပြည်မြို့နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့် နည်းပညာသင်တန်းကျောင်းများတွင် အင်တာနက်အသုံးပြုရန်မလိုဘဲ Tablet ၊ လက်ပ်တော့ပ်၊ ကွန်ပျူတာနှင့် မိုဘိုင်းလ်တယ်လီဖုန်းများအသုံးပြု၍ Wifi စနစ်ဖြင့် မီတာ ၆၅၀ ပတ်လည်အကွာအဝေးအတွင်းမှ စာအုပ်ပေါင်း ၆၀၀၀ ကျော်အား ဖမ်းယူလေ့လာဖတ်ရှုနိုင်သော Public Digital Library Service စက်များ အခမဲ့တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ Public Digital Library Service စက်များတပ်ဆင်ရာတွင် သက်ဆိုင်ရာကျောင်းများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းစက်များ တပ်ဆင်ထားရှိပေးရခြင်း ရည်ရွယ်ချက်များအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်နှင်းဝင့်စံက ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စန်းတင့်က အသုံးပြုနည်း လမ်းညွှန်ဗီနိုင်းပိုစတာဖြင့် စက်ကိုင်တွယ်အသုံးပြုနည်းနှင့် ဖမ်းယူကြည့်ရှုနည်း အဆင့်ဆင့်ကို ဖုန်းအသုံးပြု၍ လက်တွေ့ရှင်းလင်း ပြသခဲ့သည်။

ယင်းစက်များ တပ်ဆင်ပေးမှုနှင့် ပတ်သက်၍ ပြည်မြို့ပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က မိမိတို့ကျောင်းရှိ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေများကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာဖတ်ရှုနိုင်ပြီး ပြင်ပအထွေထွေဗဟုသုတများ တိုးလာမှာဖြစ်သည့်အတွက် ဝမ်းသာကြောင်း ပြောကြားခဲ့သည်။

အခြား သင်္ဘောဆိပ်၊ ဘူတာ၊ ကားဂိတ်အစရှိသည့် လူစည်ကားရာနေရာများတွင်လည်း ယခုကဲ့သို့ ထားရှိပေးသင့်ကြောင်း၊ အခုလို အလွယ်တကူ အသုံးပြုနိုင်သည့် Digital Library စက်အား မိမိတို့ကျောင်း၌ လာရောက်တပ်ဆင်ပေးသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများအား ကျေးဇူးတင်ကြောင်း ဆရာမကြီးဒေါ်စန်းမြင့်က ပြောကြားခဲ့သည်။ **(ပြည်ခရိုင်ပြန်/ဆက်)**

# ချောက်မြို့နယ်တွင် အသိပညာပေးအနေဖြင့် စကားဝါမြေ အငြိမ့် လှည့်လည်ဖျော်ဖြေမှုပြုလုပ်

**မကွေး၊ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းလုပ်ငန်းဆိုင်ရာ အသိပညာပေးဖျော်ဖြေမှုအနေဖြင့် မင်းသမီး ရေခြည်ချမ်းမြ ဦးဆောင်သော စကားဝါမြေအငြိမ့် လှည့်လည်ဖျော်ဖြေမှုပြုလုပ်ရာ ချောက်မြို့နယ် အမှတ် (၁၀) နယ်မြေ အေးစေတီဘုရားကွင်းဇာတ်ရုံတွင် အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်ထိ သုံးရက်တိုင်တိုင် ဖျော်ဖြေမှုပြုလုပ်ခဲ့သည်။

အဆိုပါ အငြိမ့်အဖွဲ့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ဆုတော်ငွေ ကျပ်တစ်သိန်းအား သွားရောက်ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က ပေးအပ်ခဲ့ပြီး မင်းသမီးရေခြည်ချမ်းမြက လက်ခံရယူခဲ့သည်။ **ဝင်းဗြေး(ပြန်/ဆက်)**

# မော်လူးဒေသ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း (၁/၁၄) မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

**မော်လူး၊ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူး အခြေခံပညာ အထက်တန်းကျောင်းတွင် မော်လူးဒေသ အရန်မီးသတ်တပ်ဖွဲ့လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း (၁/၁၄ ) မှ သင်တန်းသားများက မီးသတ်ကားဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်သင်ကြားမှုကို အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

လက်တွေ့ မီးငြိမ်းသတ်နည်း သရုပ်ပြသင်တန်းတွင် မီးသတ်ကားဖြင့် မီးငြိမ်းသတ်နည်း၊ ပိုက်လိပ်၊ ပိုက်ခေါက်ခြင်းနည်းများကို လက်တွေ့သရုပ်ပြသင်ကြားပေးခြင်းအပြင် အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း ၁/၁၄ တွင် မီးသတ်စွမ်းရည်ပြည့် အခြေခံ မီးသတ်တပ်ဖွဲ့ဝင်များဖြစ်လာစေရန် လူအသင့်၊ စက်အသင့်၊ ဆီအသင့်၊ ရေအသင့်ဖြစ်ရန် လိုအပ်ကြောင်းတို့ကို သင်တန်းသားများကလက်တွေ့သရုပ်ပြသခြင်းဖြင့် သိရှိစေရန် ပြသခဲ့သိရသည်။

ယင်း လက်တွေ့သရုပ်ပြ လေ့ကျင့် သင်ကြားခြင်း အခမ်းအနားတွင် သင်ကြားခြင်း၊ လုပ်ငန်းအတွေ့အကြုံနှင့် သင်တန်းအတွေ့အကြုံဆိုင်ရာ သင်ကြားပေးခြင်းတို့ကို နည်းပြသင်တန်းမှူး မော်လူးဒေသ အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဦးအောင်လင်းနှင့် တပ်ကြပ်ကြီး ဦးစိန်ဦးတို့က စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြား ပြသပေးခဲ့သည်။

သင်တန်းကာလမှာ အောက်တိုဘာ ၆ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ရက်သတ္တလေးပတ်ရှိပြီး သင်တန်းသားများအဖြစ် မော်လူး၊ ဟဲနူ၊ အုန်းဒုတ်၊ မင်းသာကျေးရွာများမှ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းစိန်နှင့် မော်လူး ဒေသအရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ဦးခင်အောင်တို့က ကသာခရိုင် မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး၏ လမ်းညွှန်ချက်ဖြင့် မော်လူးဒေသ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် ဦးဆောင်ဦးရွက်ပြုကာ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **ဝ၅၈**

**အမြန်ပြန်လာပါ**

ကိုကိုမောင်[၁၂/အစန(နိုင်)၂၀၈၁၇၅] ရောက်ရာအရပ်က အမြန်ပြန်လာပါ။ အဖေကြီးနှင့်အမေကြီး အရမ်းစိတ်ပူနေသည်။

ဦးထွန်းလှကြိုင်-ဒေါ်ရီရီမြင့်

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်သန်းထိုက်စိုး [၁၄/ဟသတ (နိုင်)၂၈၁၂၆၃] ကိုင်ဆောင်သူ ( CDC-၇၈၃၉၃)၏ 4 Ticket သင်္ဘောသားလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၈၂၈၄၉၃

**အမည်ပြောင်းခြင်း**

အဖ ဦးမြင့်ကြည်၏ သားဖြစ်သူ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း(TTC)Grade 3(I) မှမောင်မင်းထက်ရဲမြင့်အား "မောင်မြတ်မင်းခ" ဟုပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**

အမက(၂) မင်္ဂလာဒုံ စတုတ္ထတန်း(က)တွင် ပညာသင်ကြားနေသော မောင်ထူးအောင်ရင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြတ်သူ [၁၂/မဂဒ(နိုင်)၁၁၅၈၂၅] ဖြစ်ပါကြောင်း။

ဦးဝင်းမြတ်သူ

**အမြန်ပြန်လာပါ**

အေးမင်း(ခ)အငယ်လေး (အဖ) ဦးစိန်ဝင်း ရောက်ရာအရပ်က အမြန်ပြန်လာပါ (သို့) အမြန်ဆက်သွယ်ပါ။ အပြစ်အားလုံး ခွင့်လွှတ်မည်။

ဦးယာယာ (ခ) ဘီးလာလ်

ဖုန်း-၀၉-၄၃၀၆၇၀၈၅၊ ၀၉-၇၉၅၁၅၂၇၈၆၊ ၀၉-၉၇၄၇၂၂၄၇၇

ကုန်ပစ္စည်း သယ်ယူပို့ဆောင် ၊ သိုလှောင်ရေးကဏ္ဍတွင် ပါဝင်နေကြသူတိုင်း တက်ရောက်သင့်သည့် . . .

Seminar in Supply Chain Management

PASAS (S'pore) မှ Certificate ပေးအပ်ချီးမြှင့်ပါမည်။

Speaker : Dr. Habib Kassim
DBA., MBA., BBA., CISCM., MSIM
Director of Purchasing & Supply Association S'pore (PASAS)

သင်တန်းနေရာ ⟹ Zephyr Restaurant စိမ်းလန်းနိုပြည်ဥယျာဉ် ၊ အင်းလျားလမ်း ၊

ရက်/အချိန် November 29 (Sat) : 9:00 am - 5:00 pm
November 30 (Sun) : 9:00 am - 5:00 pm

More Information : YCTC Business Institute

အမှတ် (၃၂/J –၃)၊ နတ်မောက်ရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း၊ အ.ထ.က (၂)ဗဟန်းအနီး။

Ph : (01) 542033, (09) 420118100 , (09) 250640429



ဝက်ခြံပေါက်၍ စိတ်ညစ်သူများအတွက် –
သတင်းကောင်းပါးပါရစေ . . .

■ ပထမဆုံးလာသောလူ (၁၀၀) ဦးအား အခမဲ့ စစ်ဆေးကုသပေးခြင်း။

■ နောက်ဆုံးပေါ်ခေတ်မီစက်ကိရိယာဖြင့် မျက်နှာအရေပြားအမျိုးအစားအလိုက် အခမဲ့ စစ်ပေးခြင်း။

Laser Care Clinic
Heath & Aesthetic Centre

No. 25, Room(102), Yuzana Business Tower, Damazedi Rd,Yangon.
Tel : 09- 30 200 888, 09- 30 200 777

# ပြည်သူ့ကျန်းမာရေး သမားတော်ကြီးများက အခမဲ့ဆောင်ရွက်ပေး

**ကျိုက်ထို၊ နိုဝင်ဘာ ၁**

မွန်ပြည်နယ်အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့်ပြည်နယ်ကျန်းမာရေး ဦးစီးဌာန၏ လမ်းညွှန်မှု ကိုခံယူကာ ပြည်နယ်ခရိုင်မြို့နယ်များရှိ သမားတော်ကြီးများက အောက်တိုဘာ ၃၀ ရက်နံနက် ၈ နာရီတွင် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ စာသင်ဆောင်၌ ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးကို အခမဲ့စောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

ဆေးဝါးကုသရာတွင် မော်လမြိုင်ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးအောင်နေဦး၊ နားနှာခေါင်းလည်ချောင်းအထူးကုဆရာဝန်ကြီးဒေါက်တာဒေါ်တင်နွဲ့ဝင်း၊ သထုံခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ သထုံခရိုင်ပြည်သူ့ဆေးရုံမှလက်ထောက်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဝါဝါလွင်၊ ခွဲစိတ်ဆရာဝန်ကြီးဒေါက်တာမောင်မောင်စန်း အရိုးအထူးကုဆရာဝန်ကြီးဒေါ်ညိုညိုဝင်းလှိုင်၊ အထွေထွေရောဂါကုသမားတော်ကြီး ဒေါက်တာမောင်မောင်မြင့်၊ မေ့ဆေးအထူးကု ဆရာဝန်ကြီးဒေါက်တာဒေါ်စိုးသဲစု၊ ကလေးအထူးကုဆရာဝန်ကြီးဒေါက်တာဒေါ်အေးအေးသန်း၊ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီးဒေါက်တာဒေါ်သင်းသင်းဝေ၊ အရေပြားအထူးကုဆရာဝန်ကြီးဒေါက်တာဒေါ်နီနီဝင်း၊ ကျိုက်ထို ပြည်သူ့ဆေးရုံမှ သွားနှင့်ခံတွင်းဆရာဝန်ကြီးဒေါက်တာဒေါ်ခင်နှင်းသစ်၊ သီတဂူဇီဝိတဒါနသံဃာ့ဆေးရုံမှ ဒေါက်တာကျော်ဘိုဘိုမင်း၊ တိုင်းရင်းဆေးသမားတော်ကြီး ဒေါ်ခင်သန္တာလွင်တို့အဖွဲ့သည် ကင်မွန်းချောင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများအား ကွင်းဆင်း၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးခဲ့ရာ လာရောက်ဆေးကုသမှုခံယူသူ ၇၄၃ ဦးတို့ကို အခမဲ့ဆေးဝါးကုသပေးခဲ့ကြကြောင်း သိရသည်။

ယင်းသို့ဆေးကုသရာတွင် ကင်မွန်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်သူရလှိုင်နှင့်ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများက လာရောက်ပြသသူများနှင့် လိုက်ပါပို့ဆောင်သူများကိုမော်တော်ယာဉ်များဖြင့် အကြိုအပို့ပြုလုပ်ပေးသည့်အပြင် နေ့လယ်စာ ထမင်းဟင်းများကျွေးမွေး၍ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွေမိုးအေး အဖွဲ့နှင့်အတူ လိုအပ်သည့်ကူညီမှုများကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လာရောက်သော သမားတော်ကြီးများကို မွန်ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ ဦးငွေလွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ ကင်မွန်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်သူရလှိုင်နှင့် ရပ်မိရပ်ဖများက ကရင်ဒုံးယိမ်း၊ ဒိုးပတ်ဝိုင်းများဖြင့် ကခုန်ဖျော်ဖြေ၍လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။

**ဝင်းမောင်(ပြန်/ဆက်)**

## ချောင်းဦးမြို့နယ်တွင် အထက်တန်းကျောင်းဝင်းအတွင်း ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ချောင်းဦး၊ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့၊ အထက်တန်းကျောင်းဝင်းအတွင်း ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသန့်ရှင်းရေးကို အောက်တိုဘာ ၂၅ ရက် နံနက် ၇ နာရီ က ကျင်းပခဲ့ကြောင်းသိရသည်။

ချောင်းဦးမြို့ အထက်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ရာ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင် ဦးဆောင်၍ ကျောင်းဆရာ၊ ဆရာမ ၇၀ နှင့် ပဥ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀၀ ကျော်တို့က ကျောင်းဝင်းအတွင်း အမှိုက်များ၊ မြက်ပင်များ၊ သစ်ပင်အိုများကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြကြောင်း သိရသည်။

ကျောင်းဆရာတစ်ဦးက "အခုလို သန့်ရှင်းရေးပြုလုပ်ရခြင်းအတွက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ သန့်ရှင်းစွာနေထိုင်ရေး၊ သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရေးနဲ့ ကျောင်းဥပမိရုပ်ကောင်းမွန်ရေးအတွက် ကျောင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ပြောပြသည်။

**အိအိစိုး(ပြန်/ဆက်)**

## Public Digital Libraryစက်များ ရန်ကင်းပညာရေးကောလိပ်တွင်တပ်ဆင်

**ရန်ကုန်၊ နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ရန်ကင်းမြို့နယ် ပညာရေးကောလိပ်တွင် ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတတိုးပွားစေရန်အတွက် စာအုပ် ၂၀၀၀ ကျော်ပါသော Public Digital Library (မီတာ ၆၅၀) အကွာမှ ကြည့်ရှုနိုင်သောစက်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်တိုဘာ ၂၈ ရက်က လှူဒါန်းသည့်အခမ်းအနားကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ လှူဒါန်းပွဲအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်က ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးအောင်ဘသိန်းအား Public Digital Libraryစက်များပေးအပ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးမှ ဒေါ်စိမ်းလဲ့က စက်များတပ်ဆင်ကာ Wifi အသုံးပြုနည်းများ သင်ပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများမှ လက်တွေ့ပြုလုပ်ကြကြောင်းသိရသည်။

**သန်းမောင် (ရန်ကင်း)**

# တောင်ကုတ်မြို့နယ်၊ ကင်းတောင်စံပြကျေးရွာ မိုးစပါးပုလဲသွယ် တောင်သူပညာပေး GAP (၁၀) ဧက စံပြကွက် ရိတ်သိမ်းပွဲ ကျင်းပ



**တောင်ကုတ်၊ နိုဝင်ဘာ ၁**

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊ ကင်းတောင်စံပြကျေးရွာရှိ တောင်သူ ဦးတင်ဝင်း၏ လယ်မြေ ကွင်းအမှတ် (၅၉-ဃ)၊ ဦးပိုင်အမှတ် (၇၂/၁) (GAP) စံပြကွက် မိုးစပါးပုလဲသွယ် ၁၀ ဧက၌ အောက်တိုဘာ ၂၈ ရက်က စံကွက်ရိတ်သိမ်းပွဲပြုလုပ်ခဲ့သည်။

ယင်းစံကွက်ရိပ်သိမ်းပွဲသို့ မြို့နယ် အုပ်ချုပ်ရေးမှူးဦးလူမော်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမောင်မောင်ကျော်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းသိန်း၊ မြို့နယ်စိုက်ပျိုးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စိုက်ပျိုးရေး၊ မြေစာရင်းဝန်ထမ်းများ၊ ကင်းတောင်၊ တရဘ၊ ပေါက်ပြင်ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ မိုးစပါးပုလဲသွယ် ၁၀ ဧက စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ အစို ၁၄၉ ဒသမ ၆၃ တင်း ထွက်ရှိခဲ့ရာ တက်ရောက်လာသော တောင်သူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလူမော်က ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်း ပိုမိုရရှိပြီး ဈေးကွက်ကောင်းများရရှိနိုင်ရန် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းသိန်းက စံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး လာမည့်နှစ် မိုးရာသီတွင်လည်း ယခုကဲ့သို့ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များကို တိုးချဲ့စိုက်ပျိုးသွားရန် ပညာပေးဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**သံတွဲခရိုင်ပြန်/ဆက်**

**ဝယ်လိုသည်**

Second hand အဲယားကွန်း၊ မီးအားမြှင့်စက်များ ဝယ်သည်။
ဖုန်း-၀၉-၇၃၀၆၅၅၆၂
(ကိုသစ္စာ)

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ဒယ်ပုဒ်ကွင်းအုပ်စု၊ ဂျိုကုန်းရွာနေ နော်သင်းသင်းအေး [၁၄/အဂပ(နိုင်)၂၁၂၅၇၅]၏ဖခင် ဦးတင်ထွန်း [၁၄/အဂပ(နိုင်)၁၁၃၅၉၃]နှင့် ဦးဇော်ဘဲမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးတင်ထွန်း(ခ)ဦးဇော်ဘဲ

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့ အထက(၁) သတ္တမတန်း(B)တွင် ပညာသင်ကြားနေသော မယွန်းဝတီဇော်၏ဖခင်အမည်မှန်မှာ ဦးသောင်းတန်[၉/မထလ(နိုင်)၁၈၆၄၁၅]ဖြစ်ပါကြောင်း။ ဦးသောင်းတန်

**ကျေးဇူးဆပ်ပါမည်**

ဦးထိန်ချန်[၅/ကသန(နိုင်)၀၅၃၂၇၄]၊ နိုင်ငံကူးလက်မှတ်၊ ဘဏ်စာအုပ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၄၀၉၀၆၄

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် CC-5022 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

GUSTO
Institute of Information Technology

အောင်မြင်သော IT Developer တစ်ယောက်ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးသော သင်တန်းများ..........



Computer ပညာရပ်ကြီးတစ်ခုလုံး၏ အသည်းနှလုံးဟု ခေါ်ဆိုအပ်သော Programming ပညာရပ်ကို စိတ်ဝင်စားသူများ၊
နိုင်ငံတကာ အလုပ်အကိုင် အခွင့်အလမ်း အထူးကောင်းမွန်သော Programmer ဖြစ်လိုသူများ၊
ကွန်ပျူတာ တက္ကသိုလ်၊ နည်းပညာ တက္ကသိုလ်၊ HND Diploma၊ IDCS / IAD ကျောင်းသား ကျောင်းသူများ၊
နိုင်ငံရပ်ခြားသို့ သွားရောက်၍ ပညာသင်ကြားလိုသူများ အတွက်

Java Specialized Courses
Microsoft .Net Specialized Courses
Database Specialized Courses
Open Source PHP Courses

Programming အခြေခံ မရှိသူများအနေဖြင့် Programming Fundamental သင်တန်းမှ စတင်တက်ရောက်နိုင်ပါသည်။

# 289 (A) Pyay Road, Sunchaung Tsp, Yangon . Tel: 01-503715, 01-504632, 09-73031302

# စားသုံးသူ အကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲ ရွှေဘိုတွင် ကျင်းပ

**ရွှေဘို၊ နိုဝင်ဘာ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာပြည်လုံးဆိုင်ရာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအကြောင်း သိမှတ်ဖွယ်ရာ ဟောပြောပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက ရွှေဘိုမြို့ အ. ထ. က (၂) ရွှေရတုခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အ. ထ. က (၂) ကျောင်းအုပ်ဆရာမကြီးကိုယ်စားဆရာကြီးဦးဌေးကိုက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး စစ်ကိုင်းတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးခမ်လျန်စွမ်းက စားသုံးသူရေးရာနှင့် ပတ်သက်ပြီး ပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ စာရေးဆရာ မြို့နယ်သတင်းထောက် ကျော်ဇော (လှသိပ္ပံ၊ ရွှေဘို) က ကျန်းမာရေးအကြောင်း သိကောင်းစရာတို့ကို ရှင်းလင်းဟောပြောပြီးတက်ရောက်လာကြသည့် ကျောင်းသူ၊ ကျောင်းသားများက သိလိုသည်များကို စိတ်ဝင်တစား မေးမြန်းရာရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ အစီအစဉ် ဒုတိယပိုင်း ကို ရွှေဘိုမြို့နယ် စည်ပင်သာယာရေးဌာနတွင် ဆက်လက်ကျင်းပခဲ့သည်။ **ကျော်သူရ**

# ချောင်းသာ၊ ငွေဆောင် အပန်းဖြေစခန်းများ၌ လုံခြုံစိတ်ချစွာ အနားယူနိုင်ရန် ရေပြင်သက်ကယ်သင်တန်းများဖွင့်

**ပုသိမ်၊ နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း တည်ရှိသော ချောင်းသာ၊ ငွေဆောင်ပင်လယ်ကမ်းခြေအလှအပသည် ကမ္ဘာတစ်ခွင် သာယာလှပဆုံးသော အပန်းခြေစခန်းများဖြစ်သည်ဟု ကမ္ဘာလှည့်ခရီးသွားများက စံတင်ပြောဆိုကြသည်။

ထို့ကြောင့် ပွင့်လင်းရာသီကာလတွင် ပြည်တွင်းပြည်ပမှ ခရီးသွားများ၊ အပန်းဖြေလေ့လာသူများ ပျားပန်းခတ်မျှ ရောက်ရှိလာကြမည်။ ဒေသခံတို့ကလည်း ခရီးသွားဧည့်သည်များအား ဘေးကင်းလုံခြုံမှုရှိစေရန် အဘက်ဘက်မှ လိုအပ်ချက်များကို ပံ့ပိုးကူညီစောင့်ရှောက်ရန် တာဝန်ရှိသည်။

ထို့အတူ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနကလည်း ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် ခေတ်မီရေပေါ် လှိုင်းစီး ကစားနည်းများဖြင့် စီစဉ်ဆောင်ရွက်ပေးသကဲ့သို့ ဟိုတယ်ဇုန်များဖွဲ့စည်း၍ ရေပြင်သက်ကယ်လုံခြုံရေးအဖွဲ့များဖြင့် ကူညီရန် စီစဉ်ထားရှိလျက်ရှိသည်။ ငွေဆောင်ကမ်းခြေသည် ပင်လယ်ကမ်းခြေအကျယ် လေးမိုင်ကျော်ရှိသဖြင့် သက်ဆိုင်ရာဟိုတယ်များက ကိုယ်ပိုင်အစီအစဉ်ဖြင့် တာဝန်ယူကြရသည်။

ချောင်းသာကမ်းခြေသည် တစ်မိုင်သာသာခန့်သာ ကျယ်ဝန်းသည်။ ရေတက်၊ ရေကျမတူညီဘဲ လှိုင်းလေကင်းရှင်းမှုအချိန် နာရီသတ်မှတ်ရသည်။ အပျော်စီးရှပ်ပြေးလှေငယ်များ၊ ပင်လယ်ရေလှိုင်းစီး စက်တပ်လှေများဖြင့် ဇိမ်ခံသူများနှင့် ဗဟုသုတ ရှာဖွေလိုသည့် ခရီးသွားဧည့်သည်များကလည်း စက်တပ်လှေများဖြင့် ပျော်ပျော်ပါးပါး အနားယူစီးမျောကာ အပန်းဖြေကြသည်။ ထိုကဲ့သို့သောအချိန်အခါတွင် သဘာဝဘေးအန္တရာယ် မထင်မှတ်ဘဲ ကျရောက်နိုင်သဖြင့် ရေပြင်သက်ကယ်သင်တန်းများ ပို့ချရန် စီစဉ်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက နေ့စဉ်မပြတ်လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



**ပုသိမ်လှကြည်**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်ငါးခုတွင် အရည၀ါသီ ရွှေကျင်နိကာယဝိနည်း စာပြန်ပွဲတော်ကြီးနှင့် သင်္ဂါယနာတင်ကျင်းပမည်

**ပဲခူး၊ နိုဝင်ဘာ ၁**

(၁၄၄) ကြိမ်မြောက် ပဲခူး-ဝေါ-ကဝ-ဒိုက်ဦး-သနပ်ပင် ငါးမြို့နယ် အရညဝါသီ ရွှေကျင်နိကာယဝိနည်းစာပြန်ပွဲတော်ကြီးနှင့် သင်္ဂါယနာတင်အခမ်းအနားကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်ထိ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာပြန်ပွဲတော်ကြီး၏ ညစဉ်တရားပွဲများတွင် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်) မဟာသုဗောဒါရုံကျောင်း စစ်ကိုင်းမြို့၊ ဘဒ္ဒန္တဝိလာသဂ္ဂ (ဗောဓိမြိုင်သစ္စာ ရွှေပြည်ဓမ္မရိပ်သာ ရန်ကုန်မြို့)၊ ဘဒ္ဒန္တ(တွံတေး)ဣန္ဒက၊ သီရိမင်္ဂလာ မဟာစည်သာသနာ့ရိပ်သာ ရန်ကုန်မြို့၊ ဒေါက်တာ ဘဒ္ဒန္တပညိဿရာဘိဝံသ၊ ဓမ္မဒူတတောရသာသနာ့ရိပ်သာ ဆယ်မိုင်ကုန်း ပဲခူးမြို့နှင့် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာ ပြုတက္ကသိုလ် ပဋ္ဌိပတ္တိ မဟာဌာနမှူး) ဓမ္မဒူတတောရ ဆေကိန္ဒာရာမ ဇေတဝန်ကျောင်း မော်ဘီမြို့တို့မှ ငါးညတိုင်တိုင် ညစဉ် ၇ နာရီမှ စတင်ကာ တရားတော်များ ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လာမည့် နိုဝင်ဘာ ၁၁ ရက်ညအချိန်တွင် သင်္ဂါယနာတင်အခမ်းအနားကျင်းပ၍ နိုဝင်ဘာ ၉ ရက်မှ ၁၂ ရက်ထိ လေးရက်တိုင်တိုင်နာယကဆရာတော်ကြီးဦးဆောင်၍ စာပြန်သံဃာတော်များသည် ပဲခူးမြို့တွင်းသို့ ဆွမ်းခံကြွမည်ဖြစ်သည်။ **ကိုလတ်(ပဲခူး)**

# မြန်မာနိုင်ငံဘာသာပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ စည်းဝေး

**မန္တလေး၊ နိုဝင်ဘာ ၁**

မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (HIV/AIDS) မှ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး ရှမ်းမြောက်ဒေသ၊ မွန်ပြည်နယ်စသည့် ဒေသလေးခုပါဝင်သော သုံးလပတ်အစည်းအဝေးကို တာမွေမြို့နယ်ရှိ ကယ်တင်ခြင်းတပ် ယောက်ျားလေးများဂေဟာတွင် အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးသို့ အဖွဲ့ဝင် ၃၀ ဦး တက်ရောက်ကြပြီး ဘာသာကြီးလေးခုမှ ဆုတောင်းမေတ္တာပို့သကြကာ ဒေသအလိုက် ဆောင်ရွက်ချက်များကို အသီးသီးတင်ပြကြပြီးနောက် ကွန်ရက်များ သဘောသဘာဝများအကြောင်းကို ဝေမျှခြင်းများပြုလုပ်ခဲ့သည်။

ယင်းနောက် နိုဝင်ဘာလနှင့် ဒီဇင်ဘာလ နှစ်လအတွင်း ပြုလုပ်သွားမည့်လုပ်ငန်းစဉ်များရေးဆွဲခြင်းနှင့် ၂၀၁၅ ခုနှစ်တွင် ပြုလုပ်ကြမည့် လုပ်ငန်းစဉ်များကို ရေးဆွဲကြသည်။

ယင်းအဖွဲ့၏ သုံးသပ်ချက်များအရ လုပ်ငန်းစဉ်များရေးဆွဲရာတွင် စနစ်ကျပြီး ကျစ်လစ်ခိုင်မာသော ကွန်ရက်၏ ဖွဲ့စည်းအုပ်ချုပ်ပုံကို ရေးဆွဲသွားရန်၊ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များကို (HIV/AIDS)ဗဟုသုတများ ပေးရန်၊ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များကို အသိပေးဆွေးနွေးညှိနှိုင်းတိုင်ပင်မှု ပြုရန်၊ ဒေသလေးခုပါဝင်သော သုံးလပတ် အစည်းအဝေးပြုလုပ်ရန်၊ နှစ်ပတ်လည် အစည်းအဝေးပြုလုပ်ရန်တို့ကို ဆွေးနွေးခဲ့ပြီးနောက် HIV/AIDS လူနာများကို ပြုစုစောင့်ရှောက်နေသော အာသောကာရာမရွှေဟင်္သာရေလယ်ကျောင်းနှင့် ကောင်းသော သိုးထိန်း ခရစ်ယာန်သီလရှင်များအဖွဲ့သို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။ L **ရှိုင်းကိုကို**

ခင်နန္ဒာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ (၂၀၁၄-၂၀၁၅ ပြောင်းလဲမှုမရှိသော ခရီးစဉ်ရက်စွဲများ)
၁၂ ရက် -၉ သိန်း
၁၅ ရက် -၁၀ သိန်း
ပတ်စပို့၊ဗီဇာ၊ဝင်ကြေး၊ လေယာဉ်ခ၊စားစရိတ်နှင့် ကားခ အားလုံး စရိတ်ငြိမ်း
-နိုဝင်ဘာ ၃၊ ၁၇ (အားလုံးပြည့်)၊ ဒီဇင်ဘာ ၁ (ပြည့်)၊ ဇန်နဝါရီ ၂၆ (၁၆ လို)၊ ဖေဖော်ဝါရီ ၉ (၂၈လို)၊ ၂၃ (၂၄လို)၊ မတ် ၉၊ ၂၃၊ ဧပြီ မေ
-အောက်တိုဘာ ၃၊ ၁၇၊ ၃၁ (အားလုံးပြည့်)၊ နိုဝင်ဘာ ၇၊ ၁၄၊ ၂၁၊ ၂၈(အားလုံးပြည့်)၊ ဒီဇင်ဘာ ၅ (ဂယာကျောင်းဓရေစက်ချပွဲ)(ပြည့်)၊
၁၂ (ပြည့်)၊ ဇန်နဝါရီ ၉ (ပြည့်)၊ ၁၆၊ ၃၀ (၁ လို)၊ ဖေဖော်ဝါရီ ၆ (၁၂ လို)၊ ၁၃ (၁၅ လို)၊ ၂၀၊ ၂၇၊ မတ် ၆၊ ၁၃၊ ၂၇၊ ဧပြီ ၃၊
၁၀ (သင်္ကြန်ပိတ်ရက်) (၁၆ လို)၊
စရံ/ငွေအကြေချေ ဦးရာလူစနစ်
နေရာစုံ ပို့ပေးပြီး ဝန်ဆောင်မှုကောင်းကြောင်း အာမခံပါသည်။
Air Bus A 320 လေယာဉ်ကြီးဖြင့်သာ
သံရုံးသို့ လိုက်ရန်မလို
ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗိလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃၊ ၀၉-၅၆၀၀၄၄၄

လုံးချင်းငှားမည်။ (နေပြည်တော်)
(၂) ထပ်တိုက်၊ (5000 Sqft)
3MBR, 2BR (၁) လ (၅) သိန်း
ရာဇသင်္ဂဟလမ်းမပေါ်၊ အင်ကြင်းပန်းအဝိုင်း နှင့် ရွှေပုရွှန်အနီး
ph; 09-400303818, 09-49330101



လူပျောက်ကြော်ငြာ
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ်(၅၄)၊ အခန်းအမှတ်(B-3)နေ ဦးဝေမင်း-ဒေါ်ခင်လေးနီတို့၏သား မောင်အောင်သန်းမြင့် အသက်(၁၇)နှစ်သည် ၂၆-၁၀-၂၀၁၄ ရက်က ကျောင်းသွားရင်းပြန်မလာပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဖုန်း - ၀၉-၅၁၉၅၀၂၁
၀၉-၉၇၃၃၃၂၈၅၆

# ရမည်းသင်းမြို့ နှစ်(၈၀)ပြည့် မြို့နယ်လုံးကျွတ်မဟာဘုံကထိန်ပွဲတော် ရေစက်ချမင်္ဂလာကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ နှစ်(၈၀)ပြည့် မြို့နယ်လုံးကျွတ် မဟာဘုံကထိန်ပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရမည်းသင်းမြို့ မြို့မရပ်ကွက် ရန်အောင်မြင်သာသနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားသို့ ရမည်းသင်းမြို့ ဇေယျာအောင်မြင်ကျောင်းတိုက် ဆရာတော် မွှာစရိယဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဉာဏိကဝရ အမှူးပြုသော ဆရာတော် သံဃာတော် အပါး ၆၀ ကြွရောက်ချီးမြှင့်တော်မူကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ရမည်းသင်းမြို့နယ် အောင်မြင်ရွှေဘုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမင်္ဂလထံမှ **စာမျက်နှာ ၃ ကော်လံ ၁ သို့❖**

## Super Series Myanmar 2014 - 2015 ပိုက်ကျော်ခြင်းပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် (ISTAF) ၏ **Super Series Myanmar 2014 - 2015** ပိုက်ကျော်ခြင်းပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပသည်။

အမျိုးသား အကြိုဗိုလ်လုပွဲများတွင် မလေးရှားက မြန်မာကို (၂၁-၁၁)(၂၁-၁၄)မှတ်ဖြင့် လည်းကောင်း၊ ထိုင်းက စင်ကာပူကို(၂၁-၁၁)(၂၁-၉)မှတ်ဖြင့် လည်းကောင်း၊ အမျိုးသမီး အကြိုဗိုလ်လုပွဲများတွင် ဗီယက်နမ်က မြန်မာကို (၂၁-၁၆) (၂၁-၂၃) (၂၁-၁၃)မှတ်ဖြင့်လည်းကောင်း၊ ထိုင်းက အင်ဒိုနီးရှားကို (၂၁-၁၆)(၂၁-၉)မှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့●**



သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - ဖိုးသော်ဇင်

ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရ မြန်မာ ယူ-၁၉ အသင်း ရန်ကုန်မြို့တွင်း လှည့်လည်အောင်ပွဲခံနေသည်ကို နိုဝင်ဘာ ၁ ရက်က တွေ့ရစဉ်။
သတင်း-စာမျက်နှာ(၉)

## ယနေ့မာတိကာ


ဒုတိယအကြိမ် အာဆီယံနှင့် အမေရိကန်စီးပွားရေး ဦးဆောင်သူများအစည်းအဝေး၏ အနှစ်သာရ
စာမျက်နှာ - ၆

နိုင်ငံတကာစံချိန်မီ စီဒီနှင့် ဒီဗွီဒီများ ထုတ်လုပ်ကူးယူနိုင်တော့မည်
စာမျက်နှာ - ၇

သာမန်လောက်သာဖြစ်သော ယာဉ်ကြောပိတ်ဆို့မှုကြောင့် လိုင်းကားများကို မြေနီကုန်းမှ ရှောင်ကွင်းသွားလာစေမည် မဟုတ်သေးဟုဆို
စာမျက်နှာ - ၁၁

စာချုပ်သစ်ထပ်တိုး မချုပ်ဆိုပါက လီဗာပူးနှင့် ဂျာရတ်လမ်းခွဲမည်
စာမျက်နှာ - ၁၃


# (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကြီး အောင်မြင်စွာကျင်းပနိုင်ဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့

သတင်းဆောင်းပါး-ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ နန္ဒာဝင်း

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ မြို့တော်နေပြည်တော်၌ ကျင်းပပေတော့မည်။ သမိုင်းအလှည့်အပြောင်းအရ အာဆီယံဥက္ကဋ္ဌ တာဝန်ယူခဲ့ရသည့် မြန်မာနိုင်ငံအတွက် ၂၀၁၄ ခုနှစ်အတွင်း အပြီးသတ်အစည်းအဝေးကြီးဖြစ်ရုံမက ၂၀၁၅ ခုနှစ်တွင် အာဆီယံ အသိုက်အဝန်းထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ချပေးနိုင်ရေးကိုလည်း များစွာအကျိုးသက်ရောက်မှုရှိစေမည်ဖြစ်၍ အာဆီယံအတွက်၊ မြန်မာအတွက် အလွန်အရေးကြီးသော၊ နိုင်ငံသားတို့အတွက် အလွန်ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာကောင်းသော အခါသမယတစ်ရပ်ပင်။

“စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးဘဝဖွံ့ဖြိုးမှုနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ သိပ္ပံနည်းကျနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ လေ့ကျင့်ရေးနှင့် သုတေသနဆိုင်ရာလုပ်ငန်းများ အပြန်အလှန်ကူညီရေး၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် လူနေမှုအဆင့်မြင့်မားရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ အရှေ့တောင်အာရှဆိုင်ရာ သင်ကြားလေ့လာမှုမြှင့်တင်ရေးနှင့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံအချင်းချင်း အငြင်းပွားမှုများအား တိုက်ခိုက်မှုပဋိပက္ခအသွင်သို့ မရောက်ရှိစေရန် တားဆီးရေးနှင့် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရေးတို့အပြင် ပြည်သူများ၏ လူနေမှုဘဝတိုးတက်ရေးအတွက် ဆောင်ရွက်ရေးတည်းဟူသော ရည်မှန်းချက်နှင့် လုပ်ငန်းဦးတည်ချက်များနှင့်အညီ **စာမျက်နှာ ၉ ကော်လံ ၁ သို့**






themirror.npt@gmail.com www.facebook.com/themirrordaily

## လယ်တီမူဝိပဿနာ အနာဂါမ်ဆရာသက်ကြီးနည်းကို သံဃာတော်များလက်သို့ အရောက်ပေးအပ်မည်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ပျော်ဘွယ်ကြီးရွာ အနာဂါမ်ဆရာသက်ကြီး၏ ဝိပဿနာမူလနှင့် ဒုတိယ ကမ္မဋ္ဌာန်း ဌာနတို့တွင် နှစ်ပေါင်း(၃၀)ကျော် ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ခဲ့သော ဆရာတော်ဘဒ္ဒန္တ ကုမာရ(အဘညို)တာဝန်ယူ စောင့်ရှောက်ခဲ့သော နည်းအတိုင်း လက်ဆင့်ကမ်းပို့ချမည်။

၂။ (၄၅)ရက် ကမ္မဋ္ဌာနာစရိယသင်တန်းဖြစ်သည်။ အကျင့်မြတ်တရားကို ကိုယ်တိုင်ပွားများ အားထုတ်ကြရမည်။

၃။ လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းနည်းဖြင့် ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူလိုကြကုန်သော သံဃာတော် အရှင်သူမြတ်တို့သည် ဘဒ္ဒန္တကေသဝ၊ ကမ္မဋ္ဌာနာစရိယချုပ် ဆရာတော် ဖုန်း-၀၉-၄၉၂၁၅၇၀၅၊ ဘဒ္ဒန္တဓမ္မဒိန္နာစာရ ဥက္ကဋ္ဌဆရာတော် ဖုန်း-၀၉-၇၃၂၄၄၆၂၁၊ ဦးသိန်းတိုး ဖုန်း-၀၉-၅၀၁၃၈၆၃၊ ဦးပိုက်ချို ဖုန်း-၀၉-၃၁၈၅၇၉၈၂၊ ဦးကိုကိုနိုင် ဖုန်း-၀၉-၇၃၀၉၇၄၉၀ တို့နှင့် အမြန်ဆက်သွယ် စာရင်းပေးသွင်းတော်မူကြပါဘုရား- ဦးရေကန်သတ် ချက်ရှိပါသည်။

၄။ (က) ကျောင်းထိုင်ဆရာတော်ဖြစ်ရမည်။ (ခ)ကမ္မဋ္ဌာန်းကိစ္စအတွက် ကျောင်းထိုင်ဆရာတော်မှ တာဝန်လွှဲအပ်ထားသော ဆရာတော်ဖြစ်ရမည်။ (ဂ) ဓမ္မာစရိယအောင်မြင်ပြီး ရမည်။ (ဃ) အနည်းဆုံး အလတ်တန်းအောင်ပြီးရမည်။ (င)ဝါတော် (၁၀)ဝါ အထက် ရှိရပါမည်။

၅။ နတ်တော်လပြည့်ကျော်(၈)ရက်တွင် ဆရာတော်ဘဒ္ဒန္တဓမ္မဒိန္နာစာရနှင့် လူတွေ့တွေ့ဆုံပြီးမှ သင်တန်း တက်ခွင့်/ရ-မရကို ဆုံးဖြတ်ပါမည်။ ဆယ်ကြိမ်မြောက် သင်တန်းကာလမှာ နတ်တော်လပြည့်ကျော် (၈)ရက်မှ တပို့တွဲလဆန်း(၉)ရက်ထိ ဖြစ်သည်။ (နှစ်စဉ်-ထိုရက်များ၌ ဆရာဖြစ် ကမ္မဋ္ဌာန်းသင်တန်းရှိပါသည်။)

**လယ်တီနည်းဖြင့် ကမ္မဋ္ဌာန်းဆရာဖြစ်လိုသော သီလရှင်နှင့် လူပုဂ္ဂိုလ် အမျိုးသား၊ အမျိုးသမီးများလည်း ဆရာတော် ဘဒ္ဒန္တဓမ္မဒိန္နာစာရနှင့် ဆက်သွယ်တော်မူကြပါ။**

**ကြော်ငြာအလှူရှင်-ဦးရွှေအေး-ဒေါ်ခင်စိုးမြင့်၊ ဦးခင်သောင်း-ဒေါ်နှင်းလှ**

## ထားဝယ်အသင်း
## ပညာထူးချွန်ဆုများချီးမြှင့်ရန် လျှောက်လွှာခေါ်ယူခြင်း

၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင်များ၏သားသမီးများ၊ ဂုဏ်ထူး(၄)ဘာသာနှင့် အထက်ရရှိသော အသင်းဝင်မဟုတ်သည့် ထားဝယ်ကျောင်းသား၊ ကျောင်းသူများ၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တက်ရောက်ခွင့်ရရှိပြီး ပညာသင်ထောက်ပံ့ကြေး ခံစားခွင့်လျှောက်ထားလိုသည့် အသင်းဝင်များ၏ သားသမီးများသည် အသင်းရုံးတွင် သတ်မှတ်လျှောက်လွှာပုံစံ ထုတ်ယူ ဖြည့်စွက်ပြီး လိုအပ်သည့် အထောက်အထားများနှင့်တကွ ၁၅-၁၂-၂၀၁၄ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။ **ပညာရေးကော်မတီ၊ ထားဝယ်အသင်း**

## မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့မှ ဦးဆောင်၍ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနနှင့် ဒဿနိကဗေဒအသင်း (မြန်မာနိုင်ငံ)မှ ကျင်းပမည့်
## World Philosophy Day အခမ်းအနား

ကျင်းပမည့်နေ့ရက်။ ။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်(ကြာသပတေးနေ့)
ကျင်းပမည့်နေရာ။ ။ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ
ဟောပြောပွဲနှင့် စာတန်းဖတ်ပွဲ ပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါသည်။ အသေးစိတ်အစီအစဉ်ကို ထပ်မံကြေညာပါမည်။

## အထက(၂)တာမွေ(ယခင် တာမွေတန်းမြင့်) ကျေးဇူးရှင် မြတ်ဆရာပူဇော်ပွဲ

အထက(၂)တာမွေ(ယခင်တာမွေတန်းမြင့်) ကျောင်းသား/ကျောင်းသူဟောင်းများ၏ **(၂၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁၆-၁၁-၂၀၁၄ ရက်(တနင်္ဂနွေနေ့)(အမျိုးသားနေ့)** နံနက် ၁၁ နာရီတွင် အထက(၂)တာမွေ အုန်းတောခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် **(၁၉၅၁ မှ ၂၀၁၄)**ထိ (၅)နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး/ဆရာမကြီးများ(ဖိတ်စာရသည်ဖြစ်စေ/မရသည်ဖြစ်စေ) ဂါရဝပြုခံရန်နှင့်ကျောင်းသား/ကျောင်းသူဟောင်းများအားလုံး (မပျက်မကွက်) ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အလှူငွေထည့်ဝင်လိုလျှင် ကိုဇော်ရမ်း ၀၉-၅၀၂၅၀၁၆၊ ကိုသန်းနိုင်ဦး ၀၉-၇၃၀၄၇၄၈၂၊ ကိုခင်မောင်လွင် ၀၉-၄၃၁၁၀၄၇၀၊ ဒေါ်နီနီစိုး ၀၉-၂၅၀၀၉၀၁၀၃၊ အထက(၂)တာမွေ ရုံးခန်း-၅၄၂၃၁၇၊ ဒေါ်တင်မြင့်ဝင်း ၅၄၄၉၄၃ နှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(ဒဂုံဘဏ်ခွဲ) BANK ACCOUNT NO-002 123 0000000 26 (KBZ နှင့်လည်းဘဏ်ချင်းချိတ်ဆက်ထားပါသည်) တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ဒသမအကြိမ်မြောက် အ.ထ.က (၃) အလုံ မြတ်ဆရာပူဇော်ပွဲ

အလုံမြို့နယ်၊ အ.ထ.က (၃) ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှ်၊ နိုဝင်ဘာလ(၁၆)ရက် (တနင်္ဂနွေနေ့) နံနက် (၉း၀၀)နာရီတွင် အလုံ အ.ထ.က (၃) သီရိရတနာခန်းမ၌ မိတ်ဆုံစားပွဲနှင့် အတူကျင်းပမည်ဖြစ်ပါသည်၊အလှူငွေများကို ကန်တော့ပွဲနေ့တွင်လာရောက်လှူဒါန်းနိုင်ပါသည်၊ကျောင်းသူဟောင်း များမပျက်မကွက်ကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်၊

### ကန်တော့ခံဆရာမကြီးများ

| | | |
|---|---|---|
| ၁၊ဒေါ်ကျင်အေး | ၇၊ဒေါ်ထွေးထွေးအောင် | ၁၃၊ဒေါ်စီစီဝင်း |
| ၂၊ဒေါ်မြသိန်း | ၈၊ဒေါ်ငွေငွေဝင်း | ၁၄၊ဒေါ်စန်းဦး |
| ၃၊ဒေါ်သန်းသန်းညွှန့် | ၉၊ဒေါ်တင်တင်စု | ၁၅၊ဒေါ်နန်းအုန်းမြင့် |
| ၄၊ဒေါ်ခင်ခင် | ၁၀၊ဒေါ်စန်းစန်း | ၁၆၊ဒေါ်ခင်ခင်ဝင်း |
| ၅၊ဒေါ်အေးသန်း | ၁၁၊ဒေါ်ဖစ်တိုးရီးယားလှ | ၁၇၊ဒေါ်စန်းစန်းကြည် |
| ၆၊ဒေါ်ယဉ်ယဉ်မြင့် | ၁၂၊ဒေါ်ကြည်မြင့် | ၁၈၊ဒေါ်ရှိစီ |

### ဆက်သွယ်ရန်ဖုန်းနံပါတ်များ

| | |
|---|---|
| ၁၊ဒေါ်ရီရီငွေ | ၀၉-၅၅၀၁၂၂၀ (ရန်ကုန်ပဲဆီသန့်) |
| ၂၊ဒေါ်တင်တင်ကြည် | ၀၉-၅၀၄၂၄၃၉ |
| ၃၊ဒေါ်မေမေနိုင် | ၀၁-၃၈၅၆၅၅ |
| ၄၊ဒေါ်မြမြမွန် | ၀၉-၇၃၀၁၁၃၇၄ |
| ၅၊ဒေါ်အေးသိန်း | ၀၉-၂၅၀၀၂၇၃၁ |
| ၆၊ဒေါ်အေးအေးမော် | ၀၉-၅၄၀၂၄၅၂ |
| ၇၊ဒေါ်စောမိယွန်း | ၀၉-၅၅၀၀၅၇၆ |
| ၈၊ဒေါ်သန်းသန်းစိန် | ၀၉-၅၀၉၈၀၃၁ |

## ချမ်းမြေ့ပဒေသာပင်ရိပ်သာကျောင်း
## ဘုံကထိန်လျာသင်္ကန်း လှူဒါန်းဆက်ကပ်ပွဲ

ရန်ကုန်မြို့၊ F.M.I City ချမ်းမြေ့ပဒေသာပင်ရိပ်သာကျောင်း၌(သတ္တမအကြိမ်) ဘုံကထိန်လျာသင်္ကန်း စုပေါင်းလှူဒါန်းဆက်ကပ်ပွဲကို အမှုဆောင်အဖွဲ့က ဦးဆောင်၍ စေတနာရှင် ကုသိုလ်ရှင်အပေါင်းတို့က **(၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့) ၆-၁၁-၂၀၁၄(ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီတွင်** ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညို အနုမောဒနာတရား နာကြားနိုင်ကြပါရန် ကုသိုလ်ရှင်၊ စေတနာရှင်အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ဖုန်း-၀၁-၆၈၇၆၃၀**

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁ သိန်း |
| ၂။ | အခန်းတံခါး | ၂ သိန်း |
| ၃။ | ရေချိုးခန်း | ၃ သိန်း |
| ၄။ | ကုဋီတစ်ခန်း | ၅ သိန်း |
| ၅။ | အဝင်တံခါးမကြီးတစ်စုံ | ၇ သိန်း |
| ၆။ | သံကူကွန်ကရစ် လှေကားတစ်စုံ | ၉ သိန်း |
| ၇။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀ သိန်း |
| ၈။ | ရေတိုင်ကီတစ်လုံး | ၁၂ သိန်း |
| ၉။ | ရေစက်တစ်လုံး | ၁၉ သိန်း |
| ၁၀။ | သံဃာလေးပါးနေတစ်ခန်း | ၂၀ သိန်း |
| ၁၁။ | မုခ်ဦး | ၃၀ သိန်း |
| ၁၂။ | ဘုရားခန်း | ၅၀ သိန်း |
| ၁၃။ | စာသင်ခန်းမဆောင် | ၁၀၀ သိန်း |
| ၁၄။ | ဆွမ်းစားဆောင် | ၃၅၀ သိန်း |
| ၁၅။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀ သိန်း |
| ၁၆။ | ကွန်ကရစ်တိုင်တစ်လုံး | ၃ သိန်း |
| ၁၇။ | စာချဆရာတော်များနေတစ်ခန်း | ၂၅ သိန်း |

အလှူရှင်များ ကမ္ပည်းထိုးပေးပါမည်။

**ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ**
**ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်**
**ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆**


မြန်မာ့တိုင်းရင်းဆေးစွမ်းဖြင့် ဆံပင်သန်စွမ်းခြင်းအာနိသင်ကို ထိရောက်စွာ ရရှိစေရန် ကျား၊ မ နေ့စဉ်လိမ်း အထူးဆံပင်သန်ဆေးခေါင်းလိမ်းဆီ

**ဂုဏ်မြင့်သူ**
**ဆံပင်သန်၊ ဆံပင်ပေါက်ဆေး**




- ဆံပင်ပျော့ပျောင်း၍ ဖောက်ကင်းရှင်းခြင်း
- ဆံပင်မည်းနက်တောက်ပြောင်စေခြင်း
- ဆံပင်ပါး၍ ကျွတ်ခြင်းအတွက် သန်စွမ်းသော ဆံပင်အသစ်များ ပြန်ပေါက်စေခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-012368 (0916) ၊ ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄ တဆထလ(၂၆၂၃) ၊ ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၅၈/၁၀၁၄

ဖြန့်ချိရေး
**ခိုင်ပွင့်**
လူသုံးကုန်ဖြန့်ချိရေး
အမှတ် (၁၂၉)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၈၉၁၅
၀၉ ၇၃၂ ၄၃၆၃၀


## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အနောက်ပိုင်း၊ ဒု-ခရိုင်(၃) တရားရုံးတော်၌
## ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈၉

ကိုမျိုးမင်းဇော် နှင့် ကိုဇော်ဇော်အောင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သုမနလမ်း၊ အမှတ်-၂၃၆ နေ ကိုဇော်ဇော်အောင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၁၁၀၀၀၀၀၀/-(ကျပ်သိန်းတစ်ရာ့တစ်ဆယ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄-ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် (၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(စန္ဒာခင်)**

**ဒုတိယခရိုင်တရားသူကြီး(၃)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## အစိုးရတရားဝင် ကိုရီးယားအလုပ်ဝင် professional ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
## EPS-TOPIK (ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲ)
## ပညာအရည်အချင်းမလိုဘဲ သင်လည်းကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့

- လစာ ၁၅ သိန်းဝန်းကျင် ရရှိနိုင်ပါသည်။
- မြန်မာစကားကျွမ်းကျင်စွာပြောနိုင်သော ကိုရီးယားလူမျိုးဆရာကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ
- ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲ အောင်မြင်သည်အထိ တာဝန်ယူသင်ကြားပေးနေပါသည်။
- ကိုရီးယားဘာသာစကား၊ ကိုရီးယားယဉ်ကျေးမှုနှင့် ကိုရီးယားလုပ်ငန်းခွင် စသည့် အားလုံးသော အတွေ့အကြုံများကို ပေါင်းစပ်သင်ကြားပေးနေပါသည်။
- တန်းခွဲသစ်များ ၁၀-၁၁-၂၀၁၄ ရက် နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။

**လိပ်စာ - အမှတ် B-30၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။**
**ဖုန်း - ၀၁-၅၁၂၈၀၄၊ ၀၉-၃၀၀၉၃၅၉၂၊ ၀၉-၄၃၀၂၉၂၅၆**
**- ချမ်းသာပလာဇာ (ဒုတိယထပ်)၊ အထက် ပုဇွန်တောင်လမ်း၊**
**- ၀၁-၃၉၇၅၀၂၊ ၀၁-၂၉၉၁၃၃၊ ၀၉-၅၁၅၀၅၈၂**

## ဆရာခန့်၏ ဝမ်းပျော့အဆီကျဆေး

မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာမေး
**တစ်ခါစား(၂)ပြား အန့်မရှိ၊ဝမ်းမရစ်**
ဖုန်း-၀၉၇၃၁၇၉၉၈၃၊ ၀၁-၃၉၆၃၈၄

## ခွေးရောင်းမည်

Shih-Tzu ၅၀ ရက်
Chuihuahua ၇ လ အမ
ခွေးမျိုးစုံမှာယူနိုင်ပါသည်။
**ဖုန်း-၀၉-၄၂၀၂၆၇၁၄၈**

## အင်္ဂလိပ်စာအထူးသင်တန်းများ

- KET, PET, FCE ဖြေဆိုလိုသူများ၊
- IELTS ဖြေဆိုလိုသူများ၊
- IGCSE ဖြေဆိုလိုသူများ၊
- Business English သင်ယူလိုသူများ၊
- အထွေထွေသုံး အင်္ဂလိပ်စကားကို အခြေခံအဆင့်မှ အထက်တန်းအဆင့်ထိ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်လိုသူများ၊

**ဆက်သွယ်ရန်ဖုန်း-**
**09-5412643, 09-254282397**

**နီလာထွန်း**
**M.Ed (ELT) (Plymouth University, UK)**
**B.A (Eng), Dip in ELTM, Dip in TESOL,**
**FCLT (British Council), Ex tutor of SOAS University, London, UK**

## ကား၊ အိမ်ခြံ ငှား/ရောင်းမည် (ပွဲစားမလို)

- ခရေပင်လမ်းခွဲ၊ လုံးချင်း၊ ပရိဘောဂအစုံ၊ (ကားဂိုဒေါင်)၊ ကြိုးဖုန်းပါ၊ အောင်မင်္ဂလာအဝေးပြေးအနီး
- ပေ(၄၀×၆၀) ဂရန်မြေ ဥဿာမြို့သစ်၊ စက်မှုဇုန်ဘေး၊ ပဲခူးမြို့။
- (၂၉)ယောက်စီး (CNG) ရန်ကုန်၊ ပဲခူး၊ ညောင်လေးပင် လိုင်းပါ မီနီဘတ်စ်(စ်)
- Civilian (၁)စီး ညှိနှိုင်းဈေး
- Rosa (၁)စီး ညှိနှိုင်းဈေး
- Vitz-1000CC- (Taxi) ငှား

**Ph: 09-5504117, 09-428181810**

## မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
**09 255781353**
**09 250644566**
**09 254046497**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၅ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁-၁၀-၂၀၁၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၅-၁၂-၂၀၁၄ ရက်နေ့မှ ၁၃-၁၂-၂၀၁၄ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၄င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၇၅၀၀၀ိ /-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၇၆၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။[ ၎င်းအပြင် နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀ိ/-) ခံစားခွင့်ပြုသည်။]

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၉၄၀၀၀ | ၁၀၀၀ | ၅၀၀၀ | ၁၀၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၉၄၀၀၀ | ၁၅၀၀ | ၅၀၀၀ | ၁၀၀၅၀၀ |
| (ဂ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၉၄၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၀၁၀၀၀ |
| (ဃ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၁၀၆၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၃၀၀၀ |
| (င) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၁၁၂၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၉၀၀၀ |

**မှတ်ချက်။** (၁) နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ၅၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။
(၂) နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀ိ/-) ခံစားခွင့်ပြုသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# ဝယ် ၃နှစ် အပြီး
# မြေအမည်ပေါက်ရမည်
# iGREEN LOW COST PROJECT

| 20′ x 60′ | 40′ x 90′ |
|---|---|
| **240 –သိန်း** | **1080–သိန်း** |

လိပ်စာ – လှိုင်သာယာ – မြစိမ်းရောင်အိမ်ရာ၊ WYTU အနီး

---

## အောက်မြေကွက်များကို (၆)လ ~ (၁)နှစ်ငွေချေစနစ်

■ ကမာရွတ် ဗဟိုလမ်း ၂၅′ x ၄၉′ (၆)ထပ်တိုက် (၉၃၀၀)သိန်း
■ လှိုင် မြကန်သာ ISMအနီး (၁၁၅၈၃) sqft (၂၃၁၆၆)သိန်း
■ သင်္ဃန်းကျွန်း ဇဝန City Mart အနီး (၁၂၇၀၀) sqft (၉၉၀၀)သိန်း

## အရောင်းပြခန်း

Developed By **iGREEN**

၁။ လှိုင် ၊ဘုရင့်နောင်လမ်း၊ အမှတ်(၃၀)၊ ချောင်းဝဘုန်းကြီးကျောင်းအနီး။
၂။ လှိုင် ၊ပါရမီလမ်း၊ အမှတ်(၁၁၅)၊ အောက်ဗဟိုလမ်းထောင့်။



# ၂၂၀၀၀ – သိန်း

# (43′) x (50′)

# ဂရန်မြေ


## မြေအောက်ခန်း +

# (၈.၅)ထပ်

---

## ဒီဇင်ဘာ – ၂၀၁၅

# ဆောက်ပြီး




## ပါရမီလမ်း နှင့် ဗဟိုလမ်းထောင့်

# စိန်ဂေဟာ ပါရမီအနီး

**DEVELOPED BY - iGREEN Construction**

